တပေါ်စ ဇေတံ မင်္ဂလ မုတ္တမံ၊ မြိုးမြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိ နိုင်ငံတကာအခြေအနေကိုရှုမြင်သုံးသပ်၍ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန်လို ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်မှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များပြည့်ဆည်း ပြည်ထောင်စုကြီးတည်တံ့ခိုင်ခံ့မှုကို အာမခံနိုင်သည့်အခြေခံကောင်းများဖြစ်ထွန်းစေရန် စနစ်တကျစီမံ

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်၁၁နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ရောက်ရှိ

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် အောင်မြင်ဖြစ်ထွန်းရေးဆက်လက်ဦးဆောင်စည်းရုံး

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ ရက်နေ့သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်ကိုရှိပြီး ဖြစ်သည့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်ထိန်းသိမ်းရေး၊ သမိုင်းအစဉ်အလာရှိခဲ့သည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး စသည့်ရည်မှန်းချက်များဖြင့် မြန်မာအမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်၍ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် အလေးအနက် ကိုယ်စားပြုသည့် အဓိပ္ပာယ်ရှိသော ဖော်ဆောင်မှုဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် "အမျိုးသမီး"ဟူသည့်ဂုဏ်ပုဒ်သည် ပင်ကိုအားဖြင့် ထူးခြားသည့် ကိုယ်ပိုင်ဂုဏ်ဒြပ်ရှိထားပြီးဖြစ်၍ မြန်မာ့လူ့ဘောင်တွင် မြန်မာလူမျိုးတိုင်းက ထိုက်တန်သည့် နေရာပေးပြီး တန်းတူရည်တူ ဆက်ဆံလျက်ရှိကြသည်။

အမျိုးသားများနှင့် တန်းတူ လွတ်လပ်စွာလုပ်ရှားဆောင်ရွက်ခွင့်၊ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မိမိဖန်တီးစွမ်းဆောင်နိုင်ခွင့် ရှိထားကြသည့်အတွက် မြန်မာအမျိုးသမီးထုကြီးသည် စွမ်းဆောင်ရည် ထူးချွန်ထက်မြက်ပြီး ကိုယ်ရည်ကိုယ်သွေးပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိထားပြီးဖြစ်ကြသည်။

၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၃ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

"ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းအစဉ်အဆက်တွင် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးသိမ်မွေ့သည့် စရိုက်ရှိသော်လည်း အရည်အသွေးနှင့် စွမ်းဆောင်ရည်တို့မှာ အမျိုးသားများနှင့်မခြား ထက်မြက်မြင့်မားခဲ့ကြကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း အမျိုးသားများနှင့် တန်းတူရည်တူ ကြည်ဖြူစွာ ယှဉ်တွဲဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထူးချွန်ထက်မြက်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များသည် အမျိုးသားများနှင့် ရင်ပေါင်တန်းပေါ်ထွန်းလာနိုင်ခဲ့ခြင်းဖြစ်ကြောင်း"

ပြောကြားသွားသည်။

၁၉၉၆ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးအဆင့်ကနေ စနစ်တကျ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီများကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းထူထောင်ပေးသည့်အတွက် ယင်းအမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့်၏ စည်းရုံးစီမံဆောင်ရွက်မှုများကြောင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ပိုမိုတိုးတက်မြင့်မားလာခဲ့ပြီး ပိုမိုစနစ်ကျန၍ အမျိုးသားရေးအနှစ်သာရနှင့်လည်း ပိုမိုပြည့်စုံလာသည်ကို တွေ့ရသည်။

အမျိုးသမီးစွမ်းအားစုကြီးတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့်အပြင် အမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်ပြီး စနစ်တကျ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရသည်။ ထိုကဲ့သို့စုစည်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အမျိုးသမီးများ၏ အားကိုးအားထားပြုရာ အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ပေါ်ထွန်းလာခြင်းသည် သမိုင်းအစဉ်အလာ ကြီးမားတောက်ပြောင်ခဲ့သည့် မြန်မာအမျိုးသမီးထုကြီး၏ ဂုဏ်ဒြပ်နှင့် ဆီလျော်ထိုက်တန်လှသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အဆင့်အတန်းမရွေး၊ အလွှာမရွေး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို လိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူ အမျိုးသမီးတိုင်း ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဖွဲ့စည်းဆောင်ရွက်နိုင်သည့် လူမှုရေး အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် စည်းရုံးဖွဲ့စည်းမှုနှင့် လှုပ်ရှားဆောင်ရွက်မှုတို့တွင် ပိုမို သွက်လက်ထက်မြက်ပြီး စွမ်းအားပိုမိုကြီးမားကျယ်ပြန့်ထိရောက်သည့်အားလျော်စွာ မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းလာရေးအတွက် မြန်မာအမျိုးသမီးထုကြီးအား ဆက်လက်ဦးဆောင်စည်းရုံးသွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ⁕ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ⁕ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇွန် ၆ရက်က ဦးမောင်ကြီး အလှူတော်ရန်ပုံငွေဂေါပကအဖွဲ့ (၁၅)ကြိမ်မြောက် စာသင်တိုက်ကြီးငါးတိုက်နှင့် ဗုဒ္ဓကလျာဏယုဝအသင်း (YMBA)၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းတို့သို့ FEC ၂၀၇၇၅ ခွဲဝေလှူဒါန်းပွဲကို ပုဇွန်တောင်ရေကျော်လမ်းရှိ ဝိုင်အမ်ဘီအေအသင်းတိုက်၌ ကျင်းပရာ ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော် ဘဒ္ဒန္တ ဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (၃၅၂)

အာဆီယံ–တရုတ်ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအထူးအစည်းအဝေးမှ ပို့ဆောင်ရေးဒုတိယဝန်ကြီးဦးဖေသန်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ဇွန် ၂၉ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ–တရုတ် ပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ဒုတိယဝန်ကြီးဦးဖေသန်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၀ရက်တရားစခန်းဖွင့်ပွဲ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် (ဆ/ခ)ရပ်ကွက် ရတနာလမ်း မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ (ဒေါ်ကြင်ယုံ–ရိပ်သာ)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းအကြို တရားစခန်းပွဲကို ဒုတိယဝါဆိုလဆန်း ၅ ရက် (ဇူလိုင် ၂၁ရက်)မှ ဒုတိယဝါဆို လပြည့်နေ့ (ဇူလိုင် ၃၁ရက်)အထိ ၁၀ရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် (မဟာစည် နယ်လှည့် ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) မေတ္တာအေး ဆရာတော် ဘဒ္ဒန္တ သုဇာတ အရှင်သူမြတ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောပြောပြမည်ဖြစ်ရာ စခန်းဝင်လိုသော ယောဂီများနှင့် စေတနာရှင် အလှူရှင်များသည် ဖုန်း–၅၆၆၅၈၀ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၅–၇–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ပထမနှစ် အင်္ဂလိပ်စာအထူးပြု) First Year Guide °
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၁၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ဆောက်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၃၃)

စုပေါင်းသန့်ရှင်း

ဇွန် ၂၆ရက်က ရွှေပေါက်ကံမြို့သစ်ဥက္ကာ၌ ဗိုလ်ကြီးမြင့်ဦး (ငြိမ်း)၏ အနီးကပ်ကြီးကြပ်စီစဉ်မှုဖြင့် ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)နှင့် ရပ်ကွက်ခွဲ(၁၂) ဥက္ကာ၌ ဦးရဲတင့်ကို ဦးဆောင်သောလူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်စဉ်။

(၃၂၂)

လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေး ပညာရှင်များဖွဲ့စည်းပေးထား နိုင်ငံတကာအဆင့်မီသုတေသနလုပ်ငန်းဆောင်ရွက်မှုများဖြစ်ထွန်းအောင် နိုင်ငံတော်ကအားပေးကူညီ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရွှေဖုံးမှ**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ကာကွယ်စောင့်ရှောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသော လူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ထိထိရောက်ရောက်ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ဤစိတ်ဓာတ်နှင့်စွမ်းအားများ မိမိနိုင်ငံသူ နိုင်ငံသားများအကြား ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍကပါ တာဝန်ယူ ဆောင်ရွက်သွားရမည့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

စီမံကိန်းချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေအနေ အချိန်အခါ၏ တောင်းဆိုချက်များနှင့်အညီ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသားစွမ်းဆောင်ရည် အစဉ်ထာဝရ ထက်မြက်မြင့်မားနေစေရန် သိပ္ပံနှင့်နည်းပညာနယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်နှင့် အစဉ်အမြဲလေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံသူနိုင်ငံသားတိုင်း လူမျိုးမရွေး ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ အမျိုးသမီး အမျိုးသား မခွဲခြားဘဲ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီမျှစွာဖြစ်ထွန်းလာအောင်၊ မိမိသင်ယူလိုရာ ပညာရပ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာအောင်၊ တစ်သက်ပန်လုံး စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာအောင် စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ထို့ကြောင့် ၁၉၈၈ခုနှစ်မတိုင်မီကာလက အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာက ယနေ့ဆိုလျှင် ၁၅၆ခုအထိ ပေါ်ထွန်းလာခဲ့ပြီး ပြည်နယ်နှင့် တိုင်းမြို့ကြီးတိုင်း၌ ဖွံ့ဖြိုးရေးအထူးဒေသဟု သတ်မှတ်ထားသည့်ဒေသတိုင်းတွင် တည်ရှိနေသည့် မြို့ကြီးတိုင်း၌ တက္ကသိုလ် သို့မဟုတ် ဒီဂရီကောလိပ် သို့မဟုတ် ကောလိပ် တစ်ခုမဟုတ်တစ်ခု တည်ရှိနေပြီဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

သင်ကြားရေးအစီအစဉ်

ပညာရပ်များ ရွေးချယ်သင်ယူနိုင်ခွင့်နှင့် ပတ်သက်ပြီးလည်း ပညာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများဖြင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်ပေးမှုများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ အစီအစဉ်များ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများတိုးချဲ့သင်ကြားပေးမှုများအပြင် တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်ပညာရေးစနစ်နှင့် ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဌာနများ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများကိုပါ စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်က ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားရေး အစီအစဉ် ၅၉ မျိုးသာရှိခဲ့ရာ ယခုဆိုလျှင်ပုံမှန်သင်တန်းများတွင် သင်ကြားရေးအစီအစဉ် ၁၅၇ မျိုး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများတွင် သင်ကြားရေးအစီအစဉ် ၁၆၀ နီးပါး ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေရေး၊ နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များ တိုးတက်ထွန်းကားစေရေးနှင့် အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်ရေးတို့အတွက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် Electronic Data Broadcasting စနစ်ကို အခြေခံသည့် e-Learning Centre ၅၁ခု၊ Computer Training Centre ၁၄၃ခု၊ e-Education Resource Centre ၄၉ခု တက္ကသိုလ်နှင့် ကောလိပ်များတွင် ဖြန့်ကြက်တည်ထောင်ထားပြီ ဖြစ်သကဲ့သို့ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအကြား ကွန်ပျူတာကွန်ရက်များလည်း ချိတ်ဆက်ပေးထားပြီဖြစ်သည့်အတွက် e-mail, Internet, Intranet, Video Conferencing စနစ်များအပြင် အချို့သော ပညာရပ်များကို Web-based Teaching System ခေါ်သည့် Online စနစ်ဖြင့် သင်ကြားပေးနိုင်နေပြီလည်း ဖြစ်ကြောင်း။

နိုင်ငံတော်ကအားပေး

ထို့အပြင် အဆင့်မြင့် ပညာသင်ကြားသင်ယူမှု အဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေးတို့အတွက် ဝါရင့်သမ္မာရင့် အတွေ့အကြုံရင့်ကျက်သော ပညာရှင်ကြီးများပါဝင်သည့် ပညာရှင်အဖွဲ့များ ဖွဲ့စည်းပေးထားပြီး ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဆင့်မီသုတေသနလုပ်ငန်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာအောင် နိုင်ငံတော် အစိုးရက အားပေးထောက်ကူပံ့ပိုးပေးလျက်လည်း ရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ တစ်နိုင်ငံလုံးတွင် ကွက်လပ်မကျန်အောင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီး အဆင့်မြင့်ပညာလေ့လာသင်ယူနိုင်သည့်နိုင်ငံတကာအဆင့်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းနေပြီဖြစ်သော အခြေအနေ အချိန်အခါကောင်းတွင် တက္ကသိုလ်ဆရာ၊ ဆရာမများအားလုံးက ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်းများကို ပိုမိုထိရောက် အကျိုးရှိစွာအသုံးပြုပြီး နိုင်ငံတော်၏ အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

စဉ်ဆက်မပြတ်သင်ယူ

ဘဝတစ်သက်တာလုံး စဉ်ဆက်မပြတ် လေ့လာသင်ယူတတ်သည့် အလေ့အကျင့်ကို မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသားများတွင် စွဲမြဲစွာ ဖြစ်ထွန်းနေစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။

မိမိတို့တက္ကသိုလ်ကို တက္ကသိုလ်တည်ရှိရာဒေသ၏ ပညာရပ်ဆိုင်ရာ အရင်းအမြစ်တစ်ခု ဖြစ်လာစေရန်၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် နေရာဌာနတစ်ခုဖြစ်လာစေရန်၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှုများ အပါအဝင် လေ့လာစူးစမ်းမှု၊ သင်ကြားသင်ယူမှုလုပ်ငန်းများ တီထွင်တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ကြိုးစားအားထုတ်

ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များမှသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များကို မိမိတို့ကျွမ်းကျင်ရာ ပညာရပ်ဆိုင်ရာကဏ္ဍက ဖြည့်ဆည်းပေးနိုင်စေရအောင် အားထုတ်ကြိုးပမ်းကြရန်နှင့်အမျိုးသားစီးပွားရေးဘဝတိုးတက်အောင်မြင်ရေး၊ အမျိုးသားလူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားယဉ်ကျေးမှုဘဝ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် တက္ကသိုလ်ကြီးများဖြစ်လာစေရအောင် တက္ကသိုလ်ဆရာဆရာမများ အားလုံးက အမျိုးသားရေးအသိရှိရှိဖြင့် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသား လူငယ်များကို စာပေပညာ သင်ကြားပေးရုံသက်သက်သာမက တွေးခေါ်မြော်မြင် စဉ်းစားချင့်ချိန်နိုင်သည့် အသိဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းအောင် တီထွင် ဖန်တီးနိုင်မှုစွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု အရည်အသွေး၊ ရှာဖွေစူးစမ်း လေ့လာနိုင်မှု စွမ်းအားတို့ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ အသိအမြင် ကျယ်ပြန့်ပြီး အတွေးအမြင် ဗဟုသုတကြွယ်ဝစေရအောင်၊ အမျိုးသားရေး အမြင်၊ အမျိုးသားရေးခံယူချက်တို့ ဖြစ်ထွန်းလာစေရအောင် နိုင်ငံတကာ အခြေအနေကို ရှုမြင်သုံးသပ်နိုင်ပြီး အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲမှုများ

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို စီမံဆောင်ရွက်ရာတွင် နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနိုင်စေရန်နှင့် ပြည်ထောင်စုကြီးအရှည်တည်တံ့ခိုင်ခံ့မှုကို အာမခံနိုင်သည့် အခြေခံကောင်းများပါ တစ်ပါတည်း ဖြစ်ထွန်းလာစေရန်အတွက် စနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယင်းကဲ့သို့ အခြေအနေနှင့် နိုင်ငံတော်၏ လိုအပ်ချက်များကို တက္ကသိုလ်ဆရာ ဆရာမများအပါအဝင် နိုင်ငံသူ နိုင်ငံသားများအားလုံးက သိမြင်ပြီး မိမိတို့ ကျွမ်းကျင်ရာကဏ္ဍက ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ကြရန်၊ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သည်ကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

စာမျက်နှာ ၉ ကော်လံ ၆

ကျောက်တန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဆောက်အအုံသစ်ဖွင့် အဆောက်အအုံ ရေရှည်တည်တံ့အောင်ထိန်းသိမ်း၊ မိသားစုဝင်ငွေတိုးရေး ပီပြင်စွာဆောင်ရွက်နိုင်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျောက်တန်းမြို့ မင်းကျောင်းလမ်းရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အဆောက်အအုံမော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အဆောက်အအုံသစ် ဖွင့်ပွဲပဌမပိုင်း အစီအစဉ်ကို နံနက် ၇နာရီ မိနစ် ၄၀တွင် အဆောက်အအုံသစ်ရှေ့ဥပစာ၌ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အလှူရှင် ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်မိုးမြမြတို့ကအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဆောက်အအုံသစ် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၏ ကျောက်တန်းမြို့နယ်ခရီးစဉ်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

မြေကွက်လှူဒါန်း

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကိုအဆောက်အအုံသစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားရာတွင် ကျောက်တန်းမြို့၌ ယခုကဲ့သို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံကြီးတစ်ခု ခမ်းနားထည်ဝါစွာ ပေါ်ပေါက်လာသည်ကိုတွေ့မြင်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယင်းအဆောက်အအုံ၏ နောက်ခံသမိုင်းကြောင်းကို ပြန်လည်ပြောကြားရလျှင် ၁၉၄၇ခုနှစ်က ကျောက်တန်းမြို့တွင် မိခင်များနှင့် ကလေးငယ်များကို စောင့်ရှောက်မှုပေးရန် သားဖွားဆောင်တစ်ခုဆောက်လုပ်နိုင်ရေးအတွက် အလှူရှင်များဖြစ်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မိဘများနှင့် ဆွေမျိုးများက ယခုမြေကွက်ကိုလှူဒါန်းခဲ့ကြပြီး မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ကာ သားဖွားဆောင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

၁၉၉၁ခုနှစ်တွင် နိုင်ငံတော်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီးကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးခဲ့ပြီးနောက် ဤနေရာနှင့် အဆောက်အအုံများကို ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ကျောက်တန်းမြို့နယ်အသင်းအနေဖြင့် မိမိတို့အသင်းကြီး၏ လမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၁၉၉၄ ခုနှစ်မှစတင်၍ မူလအဆောက်အအုံဟောင်းတွင်ပင် မူလတန်းကြိုကျောင်းကို ဖွင့်လှစ်ပြီး သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးငယ် ၃၅ ဦးတို့အား ပြုစုပျိုးထောင်ပေးခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် တိုးချဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် မိသားစုဝင်ငွေတိုးရေး လုပ်ငန်းအတွက်စက်ချုပ်သင်တန်း၊ မြန်မာ့ရိုးရာ မုန့်ဖုတ်သင်တန်းများကို အသင်းရုံးတည်နေရာ၌ပင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ လုပ်ငန်းများကို တက်ကြွစွာဖြင့် စနစ်တကျ ပီပြင်အောင်ဆောင်ရွက်နိုင်ခဲ့သည့် အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများကို စိတ်ဝင်စားသည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက ကျောက်တန်းမြို့နယ်အသင်း၏ လုပ်ငန်းများကို မကြာခဏ လာရောက်ကြည့်ရှု လေ့လာကြကြောင်း၊ ယင်းသို့ လေ့လာသူများ လာရောက်သည့်အခါတွင် မျက်နှာပန်းလှသစ်လွင်ထည်ဝါသည့်အဆောက်အအုံတစ်ခု ဖြစ်စေလိုသော ဆန္ဒနှင့်အညီ ယခုအဆောက်အအုံ သစ်ကြီးကို အလှူရှင် ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးဝင်းအောင်–ဒေါက်တာ ဒေါ်မိုးမြမြမိသားစုက ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ကြောင်း၊ မြေအနေအထား ကျယ်ဝန်းမှုကြောင့် ယခုအဆောက်အအုံသစ်တွင် အသင်းရုံး သာမက အသင်းက ဆောင်ရွက်နေသည့် အခြားလုပ်ငန်းများဖြစ်သော မူလတန်းကြိုကျောင်း၊ မိသားစုဝင်ငွေတိုး လုပ်ငန်းနှင့် လူငယ်ရိပ်မြုံ တို့အတွက်ပါ နေရာများရရှိလာပြီဖြစ်ကြောင်း၊ အသင်းမှ တာဝန်ရှိသူများအနေဖြင့်လည်း အသင်းပိုင် အဆောက်အအုံအတွင်းရှိ လုပ်ငန်းအသီးသီးကို စနစ်တကျဖြင့် ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နိုင်ကြရုံမျှမကဘဲ အဆင့်အတန်းမြင့်ပြီး အရည်အသွေးပြည့်ဝသည့် ယင်းအဆောက်အအုံကြီးကို ရေရှည်တည်တံ့အောင် အသင်းဝင်များအားလုံးက ဝိုင်းဝန်းကြိုးစား ထိန်းသိမ်းသွားကြရန်လည်း လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အဆောက်အအုံသစ် အလှူရှင်ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် ပရိဘောဂပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းအတွက် လှူဒါန်းသည့် အရုပ်၊ စာအုပ်နှင့် စာရေးကိရိယာများကို အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်ကမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မူမူဆွေထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် အလှူရှင်များဖြစ်ကြသည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးတေဇ–ဒေါ်သီတာဇော် မိသားစုက ငွေကျပ် ၂၅သိန်း၊ Asia World Co., Ltd. မှ ဦးထွန်းမြင့်နိုင်နှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ ရွှေနဂါးမင်းကုမ္ပဏီမှ ဦးဝင်းမြင့်က ငွေကျပ် ငါးသိန်း၊ ဦးအောင်ထွေး (Golden Flower Co., Lrd.)က ငွေကျပ် ငါးသိန်း၊ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်၁၀ သိန်း၊ ဒေါက်တာဇော်ထွန်း–ဒေါက်တာဌေးဌေးကြည် မိသားစု (ရွှေကျားပျံ ဆောက်လုပ်ရေး)၊ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း နာယက ဦးငြိမ်း–ဒေါ်အုန်းကြင် မိသားစု (အိုကေ ဆန်၊ ဆီရောင်းဝယ်ရေး၊ ဘုရင့်နောင်)နှင့် ဦးအုန်းမြင့်–ဒေါ်စန်းမြင့် မိသားစု(ထွင့်ခေါင် ဆောက်လုပ်ရေး)တို့က ငွေကျပ် ငါးသိန်းစီ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌဦးအောင်သန်းဦးမိသားစု၊ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးမိသားစုနှင့် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ Mr. Nurul Islam တို့က ငွေကျပ်နှစ်သိန်းစီနှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက ငွေကျပ်တစ်သိန်းအပါအဝင်စုစုပေါင်း လှူဒါန်းငွေကျပ် ၈၂ သိန်းကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဆောက်အအုံသစ်ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီးဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

လက်ဆောင်ပေးအပ်

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဆောက်အအုံသစ်အတွင်း ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းနှင့် လူငယ်ရိပ်မြုံတို့ကို လှည့်လည်ကြည့်ရှုကြပြီး ရင်သွေးငယ်များအား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

အဆိုပါ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဆောက်အအုံသစ်ကို အလှူရှင် ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်–ဒေါက်တာဒေါ်မိုးမြမြမိသားစုက လှူဒါန်းငွေကျပ် ၁၂၁၄ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ယင်းအဆောက်အအုံသစ်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ အသင်းမှ ဖွင့်လှစ်သည့် မူလတန်းကြိုကျောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ဖွင့်လှစ်သည့်လူငယ်ရိပ်မြုံ၊ အမျိုးသမီးများမိသားစုအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာနိုင်သည့် စွမ်းပကားကို မြှင့်တင်ပေးမည့် မိသားစုဝင်ငွေတိုး စက်ချုပ်လုပ်ငန်းနှင့် ကျန်းမာရေးပညာပေး လုပ်ငန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကလေးသွားကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း (ဗဟို)၏ ဦးဆောင်မှုဖြင့် M.D.A ရန်ကုန်အသင်းခွဲနှင့် Fair Deal Co. Ltd. တို့ကကြီးမှူး၍ သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲကို ယနေ့နံနက်၉နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပသည်။ ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာ ဦးမျိုးဝင်းက ကလေးသွားကျန်းမာရေးအကြောင်းကို ဟောပြောသည်။

(သတင်းစဉ်)

5-7 (04).p65 1 03/24/1905, 7:25 PM

အမျိုးသမီးနှင့်ကင်ဆာရောဂါအကြောင်းကျန်းမာရေးပညာပေးဟောပြော အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေတက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ကကြီးမှူး၍ "အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲ"ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယကကြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးဆရာဝန်များအဖွဲ့ နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဦးမျိုးမြင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်းအမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင် အမျိုးသမီးဆရာဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာဒေါ်ချယ်ရီသန်းသန်းတင်က "အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း" ကို ဟောပြောပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက "အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း" ဟောပြောသူ အမျိုးသမီးဆရာဝန်များအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာဒေါ်ချယ်ရီသန်းသန်းတင်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး သက်ကြီးဆရာဝန်များ ရန်ပုံငွေအတွက် ငွေကျပ် ၁၀သိန်း လှူဒါန်းသော Lucky Seven Co., Ltd. နှင့် ငွေကျပ် သုံးသိန်းခြောက်သောင်းလှူဒါန်းသော မင်္ဂလာအဆင့်မြင့်ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဟောပြောသူ ပါမောက္ခဒေါက်တာဒေါ်ချယ်ရီသန်းသန်းတင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မင်းလှမြို့နယ်အသင်းဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၄

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်မြို့)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၄ ရက်(စနေနေ့) နံနက်၈နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုရ်လမ်းတွင်တည်ရှိသော ဇေယျဝတီစာသင်တိုက်ကြီးရှိ ကျောင်းတိုက်ကြီး ၁၇ တိုက်မှ ပဓာနနာယက ဆရာတော်ကြီး ၁၇ ပါးအား ဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင် စိုက်ထူမည်ဖြစ်၍ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်အောင် ဖုန်း-၂၅၆၉၀၈(ရုံး)၊ ၅၂၆၇၃၅(အိမ်)၊ ဦးသန်းစိုး ဖုန်း-၃၇၆၆၈၅(ရုံး)၊ ၅၃၄၃၇၆(အိမ်) နှင့် ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇(အိမ်) တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ဖြေသဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညနေပိုင်းတွင် ဒါရိုက်တာသက်မောင်မောင်ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို၊ စံရှားတင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **'နှောင်းတမြေ့မြေ့'** ရုပ်ရှင်ဇာတ်ကားဖြင့် ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၁၅ ၈။ နဂါးရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၁၇း၁၅ ၆။ အကပဒေသာ
- ၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇း၄၀ ၈။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၁၇း၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၈း၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈း၁၀ ၁၁။ Discovery
- ၁၈း၂၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၃)
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉း၁၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉း၄၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၁၉း၄၅ ၁၈။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များအသုံးချရေးသုတေသနအကြောင်း သိကောင်းစရာ
- ၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရုံရောအခါ"** (အပိုင်း-၁)
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

● ဘင်္ဂလားပင်လယ်အော်မှ

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေကြောင်းသိရသည်။

ဇူလိုင် ၅ရက်ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ညီလာခံကိုယ်စားလှယ်များ ဝါသနာပါရာအားကစားများလေ့ကျင့် ကုန်ပစ္စည်းအရောင်းဆိုင်များပိတ်ရက်မရှိရောင်းချပေးနေ

ရန်ကုန် ဇူလိုင် ၄

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များသည် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လမ်းလျှောက်ခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများကို ယနေ့နံနက်စောစောပိုင်းမှစတင်ကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၊ ကိုယ်ကာယလေ့ကျင့်ရေးခန်းမ၊ ဘိလိယက်ခန်းမနှင့် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းတို့၌ လေ့ကျင့်ကြသည်။

ဖွင့်လှစ်ရောင်းချ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်က အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်၊ စာရေးကိရိယာနှင့် ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း (ဂျီအီးစီ)အရောင်းဆိုင်ကလည်း စားသုံးကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ စာရေးကိရိယာနှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အလားတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ညောင်နှစ်ပင်စခန်း၌ ဆက်သွယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိပြီး စာပို့တိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းနှင့် ပြည်သူသုံးတယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်ကလည်း သန့်ရှင်းလတ်ဆတ်သည့် အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာပစ္စည်းများ၊ ပျားရည်ထွက်ပစ္စည်းများနှင့် စည်သွတ်ဘူးများကို ရောင်းချပေးလျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ဆံသဆိုင် ဖွင့်လှစ်ထားကာ ဆံသလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မျက်မှန်ကျွမ်းကျင် (အငြိမ်းစား)ဝန်ထမ်းများ၏ မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့မျက်စိစမ်းသပ်ပေးပြီး ဈေးနှုန်းသက်သာစွာဖြင့် မျက်မှန်များကို ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်ဆိုင်ကလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတ၊ ရသစာအုပ်များကို ငှားရမ်းပေးပြီး မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များနှင့် စာပေဗိမာန်စာမူဆုရစာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ဂရင်းကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်က ထိုးဆေး၊ စားဆေးနှင့် တိုင်းရင်းဆေးဝါးများကို ရောင်းချပေးလျက်ရှိပြီး ပဒေသာစားသောက်ဆိုင်နှင့် လပ်ကီးဝမ်းစားသောက်ဆိုင်တို့က သန့်ရှင်းလတ်ဆတ်သော စားသောက်ဖွယ်ရာအမျိုးမျိုးကို ရောင်းချပေးလျက်ရှိသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် ပင်မင်းဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ဆေးပညာဟောပြောပွဲနှင့် ဉာဏ်ရည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ကကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ဆေးပစ္စည်းပြပွဲ၊ ဆေးပညာဟောပြောပွဲနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် အများပြည်သူများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို နံနက် ၉ နာရီမှ ညနေ ၄နာရီထိ ခင်းကျင်းပြသထားပြီး ဆရာဝန်များအတွက် နှလုံးနှင့်သွေးကြောရောဂါဆိုင်ရာ ကုထုံးသစ်များကို ပါမောက္ခဦးအောင်ချိန်က ဇူလိုင် ၁၁ ရက်တွင် ဟောပြောပို့ချမည်ဖြစ်သည်။ စိတ်ပါဝင်စားသော ဆရာဝန်များ၊ ဆေးကျောင်းသားများနှင့် စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ) အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ နေ့စဉ် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများ လေ့ကျင့်ကြစဉ်။

(သတင်းစဉ်)

ဖော်လူဂျာ၌ ကန်တပ်ဖွဲ့အား အီရတ်ပြောက်ကျားများ တိုက်ခိုက် ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး စစ်ယာဉ်များပျက်စီး

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် ဖော်လူဂျာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ ကြာသပတေးနေ့၌ တိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ကြေညာသည်။

အမေရိကန်တပ်ဖွဲ့များသည် ဖော်လူဂျာရှိ ဂျော်ဒန်နိုင်ငံသား ခုခံတိုက်ခိုက်ရေး ပြောက်ကျားအုပ်စုခေါင်းဆောင် အဘူမူဆက် အယ်လ်ဇာကာဝီပိုင်ဟုဆိုသော အိမ်ကို ထိုနေ့ညက တိုက်ခိုက်ရာတွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံး

ထိုသို့တိုက်ပွဲဖြစ်ပွားရာ၌ လူခြောက်ဦးသေဆုံးပြီး အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ၁၅ဦးဒဏ်ရာရခဲ့သည်ဟု ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

ဖော်လူဂျာမြို့အရှေ့ဘက်အစွန်၌ ဖြစ်ပွားသော ယင်းတိုက်ပွဲတွင် အမေရိကန်စစ်ယာဉ်အချို့ ပျက်စီးပြီး ခုခံတိုက်ခိုက်ရေး ပြောက်ကျားလေးဦးထက်မနည်း ဒဏ်ရာရကြောင်း သိရသည်။

တိုက်ပွဲဖြစ်

ဧပြီလထဲ၌ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ ဖော်လူဂျာမြို့တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ၌ အီရတ် ရာပေါင်းများစွာ သေဆုံးခဲ့ရသည်။ နောက်ပိုင်း၌ မရိန်းတပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့မှ ရုပ်သိမ်းမည့် သဘောတူချက် ရရှိခဲ့သည်။ **(အင်တာနက်)**

၂၀၀၃ခုနှစ် ဧပြီလနောက်ပိုင်း အီရတ်သိပ္ပံပညာရှင် ၂၅၀ သေဆုံးခဲ့ရ

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်သိပ္ပံပညာရှင် စုစုပေါင်း ၂၅၀ သည် ၂၀၀၃ ခုနှစ် ဧပြီလကစပြီး သေဆုံးခြင်း သို့မဟုတ် လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်ဟု ဒေသဆိုင်ရာ သတင်းစာတစ်စောင်ဖြစ်သည့် အယ်မာဒါက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

လွန်ခဲ့သာ ဧပြီလနှောင်းပိုင်းက အီရတ်နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ပညာသင်ကျောင်းများနှင့် သိပ္ပံအသင်းများမှ ပါမောက္ခ ၂၅၀ သည် သေဆုံးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းခံရခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု တက္ကသိုလ်ပါမောက္ခများအသင်းက ထုတ်ပြန်သည့် စာရင်းဇယားများကို အဆိုပါသတင်းစာက ကိုးကား၍ ဖော်ပြထားသည်။

ထွက်ပြေး

လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် ခြိမ်းခြောက်မှုများကြောင့် တက္ကသိုလ် ပါမောက္ခ ၁၀၀၀ ကျော် အီရတ်မှ ထွက်ပြေးခဲ့သည်ဟု အသင်းဥက္ကဋ္ဌ ရာဝီက ပြောဆိုသည်။

ဖြစ်ပွား

အယ်လ်မူခတန်စီးရီးယပ် တက္ကသိုလ်တစ်ခုတည်း၌ပင် သတ်ဖြတ်မှု၊ ခြိမ်းခြောက်မှုနှင့် ပြန်ပေးဆွဲမှုများ ၁၃ မှုဖြစ်ပွားခဲ့သည့် မှတ်တမ်းများရှိကြောင်း၊ အဆိုပါ ဥက္ကဋ္ဌက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဖော်လူဂျာမြို့အပြင်တွင် အီရတ် ပြောက်ကျားတို့နှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်နေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖမ်းဆီးထားသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်အား သတ်ဖြတ်လိုက်ပြီ ကန်ဦးဆောင်တပ်များအား ဆက်ပြီးတိုက်သွားမည်ဟု သတိပေးထား

ဘဂ္ဂဒက် ဇူလိုင် ၄

ပြန်ပေးဆွဲထားသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဝါဆက်ဖ်အလီဟက်ဆွန်ကိုသတ်ဖြတ်လိုက်ကြောင်း၊ ၎င်းအား သတ်ဖြတ်သည့် ဗွီဒီယိုတိပ်ခွေကို တွေ့မြင်ရမည်ဖြစ်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေး အန်ဆာ အယ်လ်ဆွန်နာအုပ်စုက စနေနေ့၌ ပြောကြားသည်။

ယခုသတ်ဖြတ်မှုသည် သီတင်းပတ်အတွင်း၌ ပြန်ပေးဆွဲထားသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား ဒုတိယမြောက်သတ်ဖြတ်သည့်သတင်းဖြစ်သည်။ အန်ဆာအယ်လ် ဆွန်နာအုပ်စုက နောက်ထပ် ဓားစာခံတစ်ဦးအား ၎င်းတို့ ဖမ်းဆီးထားကြောင်း ပြောဆို ခဲ့သည်။

အယ်လ်ဂျာဇီရာသတင်းဌာနသည် လွန်ခဲ့သည့် တနင်္ဂနွေနေ့၌ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဖမ်းဆီးထားသော မျက်နှာ၌ အဝတ်စည်းထားသည့် တပ်ကြပ်ဟက်ဆွန် ၂၄ နှစ်၏ ဗီဒီယိုတိပ်ခွေကို ထုတ်လွှင့်ပြသပေးခဲ့သည်။

ခုခံတိုက်ခိုက်ရေး ပြောက်ကျားက လွန်ခဲ့သည့်တနင်္လာနေ့၌ အီရတ်ကြားဖြတ်အစိုးရသို့ အမေရိကန်တို့က အုပ်ချုပ်ရေးလွှဲပေးခဲ့သော်လည်း အီရတ်အရာရှိများနှင့် အမေရိ ကန်ဦးဆောင်သောတပ်များကို ဆက်ပြီးတိုက်သွားမည်ဖြစ်ကြောင်း သတိပေးပြောကြားထားသည်။

ထိုသို့ အမေရိကန်တို့က အုပ်ချုပ်ရေးလွှဲပေးလိုက်ပြီး နာရီပိုင်းအကြာ၌ အမေရိကန်တပ်ဖွဲ့ဝင် ကိသ်မက်သူး မော်ပင် ၂၀နှစ်အား အီရတ်ခုခံ တိုက်ခိုက်ရေးသမားတို့ သတ်ဖြတ်လိုက်ပြီဆိုသော ပြောကြားထားသည့် ဗီဒီယိုတိပ်ခွေကိုအယ်လ်ဂျာဇီရာက ထုတ်လွှင့်ပြသခဲ့သည်။ ဟက်ဆွန်သည် ဇွန်လ ၂၁ ရက်မှ စပြီးသူ၏တပ်ဖွဲ့မှ ပျောက်ဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်တိုင်ဖုန်းမုန်တိုင်းကြောင့် လူ၁၆ဦး သေဆုံး

မနီလာ ဇူလိုင် ၃

ဖိလစ်ပိုင်နိုင်ငံ၌ အက်မီအမည်ရှိ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူအရေအတွက် ၁၆ဦးအထိ ရှိသွားပြီဖြစ်ကြောင်း အမျိုးသား သဘာဝ ဘေးအန္တရာယ် ညှိနှိုင်းရေးကောင်စီ (အင်ဒီစီစီ)က ကြာသပတေးနေ့က ပြောကြားသည်။

အသေအပျောက်အများဆုံးမှာ ဖိလစ်ပိုင်မြောက်ပိုင်း ဘာဂေအန်းတောင်ကြားဒေသမှ ဖြစ်သည်။

ယင်းမုန်တိုင်းကြောင့် လူ၁၇ဦးလည်း ပျောက်ဆုံးလျက်ရှိသည်။ ကြာသပတေးနေ့ နှောင်းပိုင်းက ၎င်းမုန်တိုင်းကြောင့် အိမ်ခြေ ၅၃၉၈၈ ထိခိုက်မှုရှိပြီး မိသားစု ၈၄၄ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးထားရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့လယ်ရှိ ဆေးရုံအနီး လမ်းဘေးဗုံးပေါက်ကွဲ အီရတ်အရာရှိတစ်ဦးဒဏ်ရာရ၊ အစောင့်နှင့်ယာဉ်မောင်းသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦး၏ ကားအနီးတွင် ကြာသပတေးနေ့က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အဆိုပါအရာရှိ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး သူ၏အစောင့်နှင့် ယာဉ်မောင်းသူ သေဆုံးသွားကြောင်း ရဲအဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ဗုံးသည် ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ ယာမောက်ဆေးရုံအနီး၌ နံနက် ၈ နာရီခန့်တွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန သတင်း ပြန်ကြားရေးရုံးအဖွဲ့အကြီးအကဲ ဗိုလ်မှူးကြီး အက်ဒ်နန်တူစိန်က ပြောကြားသည်။

ဝန်ကြီးဌာန၏ စာရင်းစစ်အဖွဲ့အကြီးအကဲ အီဆန်ကာရင်မ်သည် ရုံးသို့ အသွား ထိုကဲ့သို့ လမ်းဘေးဗုံးပေါက်ကွဲထိမှန်ခံရခြင်းဖြစ်ပြီး သူ၏အစောင့်နှင့် ယာဉ်မောင်းသူ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆေးရုံသူနာပြု ကာရီမာအလီဆလမ်က ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် အနီး၌ ရပ်နေသူ လေးဦးလည်း ဒဏ်ရာရခဲ့သည်ဟု သိရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးအား အီရတ်တို့ မီးငြိမ်းသတ်နေသည်ကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဆီယံအသိုက်အဝန်းအတွက် ပိုမိုလုပ်ဆောင်ရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ကတိပြု

ဂျကာတာ ဇူလိုင် ၁

အာဆီယံအဖွဲ့ဝင်၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ၎င်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို ဂျကာတာမြို့၌ ဗုဒ္ဓဟူးနေ့က ကျင်းပပြီးစီးသွားခဲ့ကြသည်။ အာဆီယံအသိုက်အဝန်း ၂၀၂၀ ခုနှစ်၌ အောင်မြင်မှုရရှိစေရန်အတွက် ဆောင်ရွက်သွားရန် နိုင်ငံခြားရေးဝန်ကြီးများက ၎င်းတို့၏ နောက်ဆုံးနေ့အစည်းအဝေး၌ ကတိပြုလိုက်ကြသည်။

အာဆီယံအသိုက်အဝန်းထူထောင်ရေး တာဝန်ယူဆောင်ရွက်သည့် ပူးတွဲကြေညာချက်ကို ဝန်ကြီးများက ထပ်မံအတည်ပြုကြပြီး အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များ ထောက်ခံအတည်ပြုကြမည့် အာဆီယံလုံခြုံရေးအဝန်းအဝိုင်း(အေအက်စ်စီ)နှင့် အာဆီယံလူမှုရေးယဉ်ကျေးမှုအသိုက်အဝန်း(အေအက်စ်စီစီ)အတွက် ဆောင်ရွက်မှုအစီအစဉ်များကို ပြင်ဆင်ခဲ့ကြသည်။ နောက်ထပ်အာဆီယံ၏ မဏ္ဍိုင်တစ်ခုမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အရှေ့အာရှ၌ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်၏ အရေးကြီးမှုကို ထပ်မံအတည်ပြုခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျေးလက်ဒေသ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ကော့မှူး-ဝါးဘလောက်သောက် လမ်းပေါ်ရှိ ဆမ္မနိုင်တံတားကို ဤသို့ တည်ဆောက်ပေးထားသည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

မကျီးစောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာတွင် ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် အရာတော်(၂) မကျီးစောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်စက်ရုံကို တည်ဆောက်ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပသောင်းတံတား

တနင်္သာရီတိုင်း မြိတ်မြို့နယ်၌ မြိတ်-တနင်္သာရီ-ဘုတ်ပြင်းလမ်းပေါ်တွင် တည်ဆောက်ပေးထားသည့် ပသောင်းတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

အစိုးရနည်းပညာကောလိပ်(စစ်တွေ) ပင်မဆောင်(သုံးထပ်ဆောင်)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်လျက်ရှိသော အစိုးရနည်းပညာကောလိပ် (စစ်တွေ)၏ ပင်မဆောင် (သုံးထပ်ဆောင်) တည်ဆောက် ပြီးစီးမှုမြင်ကွင်း။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မတ္တရာမြို့ သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း စံပယ်ဖြူကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

ကျောင်းဆောင်သစ်ဖွင့်

ထို့နောက် တံငါတောင်အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ရတနာဝင်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင်ဦးခင်မောင်စိုးတို့က ရတနာဝင်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

စာသင်ခန်းများကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရတနာဝင်းကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်ခန်းမ၌ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ၊ မန္တလေး မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇာဓမ္မာဘိဝံသနှင့် သံဃာတော်များအား မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြည်ညိုကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

အဆိုပါ ရတနာဝင်းကျောင်းဆောင်သစ်မှာ နံကပ်အမျိုးအစား အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ စလွန်ဖြူ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့သွားရောက်ကြပြီး ပန်းအိစံကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

စလွန်ဖြူအခြေခံပညာအထက်တန်းကျောင်းခွဲ ပန်းအိစံကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးခင်မောင်ဆွေတို့က ပန်းအိစံကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ

သည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပန်းအိစံကျောင်းဆောင်သစ်မှာ နံကပ်အမျိုးအစား အလျားပေ ၁၄၀၊ အနံပေ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။

မန္တလေးတိုင်း မတ္တရာမြို့ စလွန်ဖြူ အခြေခံပညာအထက်တန်းကျောင်းခွဲ ပန်းအိစံကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မတ္တရာမြို့ သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကြပြီး စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်

သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း၏ စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင်ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ စံပယ်ဖြူကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း စံပယ်ဖြူကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မတ္တရာမြို့ စလွန်ဖြူ အခြေခံပညာအထက်တန်းကျောင်းခွဲ ပန်းအိစံကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့ အလယ်တွင် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် အမျိုးသား ပညာရည်မြင့်မားမှု စွမ်းပကားဖြင့် ဖော်ဆောင်ပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည် ထူးချွန်ထက်မြက်သော အသိပညာ ရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တော်ကြီးပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မွန်းလွဲ ၁ နာရီတွင် ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပြန်လည် ထွက်ခွာသွားသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ကောလိပ်များမှ ဆရာဆရာမ သင်တန်းသားသင်တန်းသူ ၆၁၇ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

(သတင်းစဉ်)

ဗီဒီယိုပြစက်ပေးအပ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မတ္တရာမြို့ တံငါတောင် အခြေခံပညာမူလတန်းလွန်ကျောင်း ရတနာဝင်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

အဆိုပါ စံပယ်ဖြူကျောင်း ဆောင်သစ်မှာ နံကပ်အမျိုးအစားဖြစ်ပြီး စာသင်ခန်း ၁၀ခန်းပါဝင်သော နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ ဆရာဝန်များနှင့် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သားဖွားလူနာဆောင်သစ်၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးခင်မောင်စိုးတို့က မတ္တရာမြို့ တံငါတောင်အခြေခံပညာ မူလတန်းလွန်ကျောင်း ရတနာဝင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ စလွန်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ပန်းအိစ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၇)ကို ယနေ့(တနင်္လာနေ့)တွင် ဖြန့်ချိလိုက်ပြီဖြစ်သည်။

(ယာပုံ)

'မီဒီယာခေတ်မကျန်ရစ်ဖို့'ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ဟောင်ကောင်ပေါင်းစည်းမှုနှစ်ပတ်လည်၊ လုံခြုံရေးတပ်ဖွဲ့များ ဆော်ဒီအဆင့်မြှင့်မည်၊ အယ်ဆာဗေဒိုနိုင်ငံ၊ ကမ္ဘာ့လူသားချင်းစာနာမှု အဆိုးရွားဆုံး ဆူဒန်နိုင်ငံ ဒါဖားဒေသ၊ အာဖဂန်တွင်တပ်ဖွဲ့ဝင်တိုးမည့် နေတိုး၊ ဂွာတာနာမိုမှ အကျဉ်းသားများ အမေရိကန်သို့ပြောင်း၊ ဥရောပငါးဖမ်းလုပ်ငန်း၊ အင်ဒရာပရာဒေ့ရှ်မှ လယ်သမားများကို ထောက်ပံ့ကြေးပေး၊ ယူကော့စ်ကုမ္ပဏီ၏အကျပ်အတည်း၊ ဥရောပတွင် အကြမ်းဖက် တိုက်ခိုက်ရန် အယ်လ်ခိုင်ဒါခြိမ်းခြောက်၊ လက်ကိုင်ဖုန်းကိုင်သော အမျိုးသားများ သတိထား၊ မိုက်တိုင်စန်၊ နိုင်ငံတကာဟာသ၊ မပြီးဆုံးသေးသော ဗြိတိန် ရေတပ်ပြဿနာ၊ ယုံချင်ယုံ မယုံချင်နေ၊ အမေရိကန်ပြည်နယ်များတွင် မသန့်ရှင်းသောလေကိုရှူရှိုက်နေရ၊ ကမ္ဘာ့ဈေးကွက်ဝင်မည့် ဖိလစ်ပိုင်သရက်၊ အီရတ်ကာတွန်းအမြင် စသည့် သတင်းနှင့် သတင်းဆောင်းပါးများ ဝေဝေဆာဆာပါရှိသည်။

(မြန်မာ့အလင်း)

ပခုက္ကူလေယာဉ်ကွင်းသစ်တည်ဆောက်ရေးလုပ်ငန်း အချိန်အဟုန်မပျက်လုပ်ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ မှာကြား

ရန်ကုန် ဇူလိုင် ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပခုက္ကူလေယာဉ်ကွင်းသစ် တည်ဆောက်ရေးလုပ်ငန်းခွင်၌ မိုးရာသီတွင် လုပ်၍ရသည့်လုပ်ငန်းများကို အချိန်အဟုန်မပျက်လုပ်ဆောင်ကြရေးနှင့် စီမံကိန်းကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေဆိပ်အဆောက်အအုံပြီးစီးနေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ယန္တရားများဖြင့် လေယာဉ်ပြေးလမ်းအခြေခံလွှာ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်း လမ်းဝဲယာ မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပခုက္ကူလေယာဉ်ကွင်းသစ်

ပခုက္ကူလေယာဉ်ကွင်းသစ်ကို ပထမအဆင့်လေယာဉ်ပြေးလမ်း အရှည် ပေ ၈၅၀၀နှင့် အကျယ်ပေ ၁၀၀ နိုင်လွန်ကတ္တရာခင်းအမျိုးအစား တည်ဆောက် မည်ဖြစ်သည်။ အလျား ပေ ၁၆၀၀အနံပေ ၈၀ရှိ မြန်မာမှု အနုပညာလက်ရာ များဖြင့် တည်ဆောက်သည့် လေဆိပ်အဆောက်အအုံအပြင် လေယာဉ်ရပ်နား နေရာနှင့် လေကြောင်းထိန်းမျှော်စင်ပါရှိမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုဂံညောင်ဦးလေဆိပ် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်ပုဂံညောင်ဦးလေဆိပ် အရေးကြီးပုဂ္ဂိုလ်နားနေဆောင်တွင် လေဆိပ်၌အသုံးပြုမည့် မြေပြင်သုံးအထောက်အကူပြု စက်ပစ္စည်းများထားရန် အဆောက်အအုံတည်ဆောက်နေသည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၄

၂၀၀၄ခုနှစ် ဇွန်လ မြန်မာ့အသံရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်းသိကောင်းစရာများအတွက်အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။ ဖြေဆိုသူများအနက် ပထမဆု ဦးသန်းဝင်း မော်လမြိုင်မွန်ပြည်နယ်၊ ဒုတိယဆု မောင်လှိုင်ဘွားဝင်း သဃ်န်းကျွန်း ရန်ကုန်တိုင်းနှင့် တတိယဆု မအိကေခိုင်ထွန်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်း၊ နှစ်သိမ့်ဆု မောင်တင်ဝင်း သဃ်န်းကျွန်း ရန်ကုန်တိုင်းတို့က ရရှိကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သားငါးပွဲ့ပြိုး ပြည်အကျိုး

လာရာနှင့် လားရာ

(က)

အနေအထားတစ်ခု၌ ရပ်တည်နေသူအတွက် လာရာနှင့်လားရာသည် ရှိနေ၏။ လာရာကိုသုံးသပ်၍ လားရာကို ဆုံးဖြတ်နိုင်သူဖြစ်မှသာ ၎င်းအတွက် နောက်ထပ် အနေအထားကောင်းတစ်ခုက အသင့်ကြိုဆိုနေမည်။ လာရာကို မသုံးသပ်နိုင်သလို လားရာကိုလည်းမဆုံးဖြတ်နိုင်သူအတွက်မူ လက်ရှိထက် နိမ့်ပါးသော အနေအထားသို့သာ ရောက်ရှိသွားပေလိမ့်မည်။

(ခ)

(၁) အမှောင်မှလာ၍ အမှောင်သို့လားသူ
(၂) အမှောင်မှလာ၍ အလင်းသို့လားသူ
(၃) အလင်းမှလာ၍ အမှောင်သို့လားသူ
(၄) အလင်းမှလာ၍ အလင်းသို့လားသူ

ပုဂ္ဂလပညတ္တိပါဠိတော်၊ ၁၅၉

လာရာသည် အမှောင်နှင့်အလင်း နှစ်မျိုးသာဖြစ်သလို လားရာသည်လည်း အမှောင်နှင့်အလင်းနှစ်မျိုးသာဖြစ်၏။ လာရာကို သုံးသပ်နိုင်မှ လားရာကို ဆုံးဖြတ်နိုင်မည်ဖြစ်၏။ လာရာ၏အလင်းနှင့် အမှောင်ကို အမြင်ရှိရှိပိုင်းခြားကာ လားရာ၏ အလင်းနှင့်အမှောင်ကို ပိုင်ပိုင် မိမိဆုံးဖြတ်ရင်း ဦးတည်ချက်ရှိရှိ ဆက်လှမ်းရပေမည်။

(ဂ)

ယနေ့ မြန်မာနိုင်ငံတော်သည် အဘယ်မှလာခဲ့သနည်း။ မြန်မာအစ မြန်မာကဟု တိကျစွာဆိုနိုင်သည့် အခြေအနေမှ တတိယမြန်မာနိုင်ငံတော်ကြီးအထိ အလင်းတန်းများကို များများဖြတ်သန်းလာခဲ့၏။ တတိယမြန်မာနိုင်ငံ နေဝင်ချိန် ကျွန်ခေတ်နှစ်တစ်ရာမှာမူ အမှောင်ထုကိုသာ ကျော်ဖြတ်လာခဲ့ရ၏။ လွတ်လပ်ရေးခေတ်ဟူသော အလင်းမှစ၍ကား လင်းတစ်ခါ၊ မှောင်တစ်လှည့် လာခဲ့ရ၏။ ဤသည်မှာ လာရာလမ်း၏ ပုံကြမ်းဖြစ်၏။

ယင်းပုံကြမ်း၌ နှင့်သီးစွာ ထွင်းထုခံခဲ့ရသည့် ပုံသဏ္ဌာန်တစ်ခုမှာ နယ်ချဲ့ခေတ် နှစ်တစ်ရာအတွင်း နိုင်ငံသားအချင်းချင်း သွေးခွဲအုပ်ချုပ်ခံရခြင်းဖြစ်၏။ ယင်း၏ဂယက်သည် လွတ်လပ်ရေးရလျှင်ရခြင်း ပြင်းပြင်းထန်ထန် ရိုက်ခတ်လေသောကြောင့် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆန့်ကျင်ရေး ဖွားမြင်လာရကား နှစ်ပေါင်း၄၀တိုင်တိုင် တိုင်းရင်းသားအချင်းချင်းတို့၏ သွေးသည် စိမ်းပုပ်ရောင်လွှမ်းခဲ့လေ၏။

ထိုမှ ၁၉၈၈ခုနှစ်သည်မှာဘက် ကာလများဝယ် နိုင်ငံတော်ကို တပ်မတော်က ဦးဆောင်ကာ အလင်းသို့သာ ဦးတည်လျက် ခြေသွက်သွက် လှမ်းစေနိုင်ခဲ့၏။ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို လည်းကောင်း

ရတနာစည်ဆရာတော် (လှိုင်လင်)

အောင်မြင်စွာ ဖြည့်ဆည်းနိုင်ခဲ့ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအထိ ခြေလှမ်းသွက်သွက် လှမ်းတက်နိုင်လာလေပြီ။ ထို့အတူ အခြားသော စီးပွားရေး မျက်နှာစာ၊ လူမှုရေးမျက်နှာစာများကိုလည်း ကျယ်ပြန့်စွာ တည်ဆောက်ထားနိုင်နေလေပြီ။

မြန်မာနိုင်ငံအနေအထား၌ ဇာတိသွေး ဇာတိမာန်များ၊ အမျိုးဂုဏ် ဇာတိဂုဏ်များ၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်များ၊ ဝန်းကျင်ကို အလှဆင်သည့် လူမှုကျင့်ဝတ် ကျင့်ထုံးများ ဘဝကို လှပလင်းလက်စေသည်။ မင်္ဂလာတရား ဗြဟ္မစိုရ်တရားများဟူသော အမျိုးသားရေးလက္ခဏာတို့ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရင်း ပိုမိုမြင့်မားနိုးကြားတက်ကြွစေသည့် ယနေ့ခြေလှမ်းများကြောင့် မြန်မာနိုင်ငံ၏လားရာသည် အလင်းသာဖြစ်လျက် ရှိနေလေ၏။

(ဃ)

<u>အလင်းစကား အလင်းတရား</u>

"ယခုဆိုလျှင် အမျိုးသားညီလာခံကြီး စတင်ကျင်းပနေပြီဖြစ်သည့်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ကို စတင် အကောင်အထည်ဖော်ခြင်းဖြစ်တာကြောင့် နိုင်ငံတော်၏တည်ငြိမ်အေးချမ်းသော အနာဂတ်ကို မျှော်မှန်းလျက် ခိုင်မာသည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာအောင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စနစ်တကျ တင်ပေးလိုက်ခြင်း ဖြစ်ကြောင်း။

"ထို့အပြင် ကျင်းပဆဲ အမျိုးသားညီလာခံကြီးက စတင်ပုံဖော်ပေးလိုက်မည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရမည့် အခြေခံမူများနှင့် အသေးစိတ်မူများကို တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစား ပေါင်းစုံ၊ ပါတီအဖွဲ့အစည်းပေါင်းစုံတို့က အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုများဖြင့် တူညီဆန္ဒများဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ (၂၀-၅-၂၀၀၄)

"ယခုအချိန်အခါတွင် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေးအတွက် တည်ငြိမ်ခိုင်ခံ့သည့် အခြေခံကောင်းများ တည်ဆောက်အကောင် အထည်ဖော်နိုင်စေရန် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီတက်ရောက်နေသည်ကို တွေ့ရှိရကြောင်း။

"ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီ တက်ရောက်လျက် မိမိတို့ တိုင်းရင်းသား လူမျိုးများ၏ အနာဂတ်ရေးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းနေကြခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာဖြစ်ထွန်းနေမှုကို ဖော်ညွှန်းပြဆိုနေခြင်းဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကြီး မျှော်မှန်းချက်အတိုင်း အောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး
တိုးတက်မှုအကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး
(၃/၂၀၀၄) ၂၂-၅-၂၀၀၄

(င)

<u>**အလင်းကာရန်**</u>

အမှောင်အလင်း၊ ရောင်နှစ်သင်း၊ ထိုးထွင်းမြင်ပါလေ။
အမှောင်မှလာ၊ လင်းမှလာ၊ အလာနှစ်မျိုးပေ။
အမှောင်သို့လား၊ လင်းသို့လား၊ အလားမျိုးနှစ်ထွေ။
အလင်းလာရေး၊ ခြေလှမ်းပေး၊ အရေးကြီးလှပေ။
နိုင်ငံနှင့်ချီ၊ အလင်းဆီ၊ ဦးတည်လွဲမသွေ။
ခြေလှမ်းသွက်သွက်၊ ခြေချင်းယှက်
ဆက်ဆက်လှမ်းတော့လေ။ ။

တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးဌာနနှင့် (၁၀)ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်ရာ မြို့နယ် ကျန်းမာရေးဌာနမှ ဒေါက်တာချိုချိုညို၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ ရပ်ကွက်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ပညာပေး လက်တွေ့ ရှင်းလင်းပြသစဉ်။ (၁၉၂)

လှူဒါန်း

'U.948' ခြံအမှတ် ၄၇၈ အောင်ဇမ္ဗူလမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်သန်းမြ မိသားစုက ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း(၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံရယူစဉ်။ (က-ပ)

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၄

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မင်းလှဓမ္မရိပ်သာကျောင်း (ဗဟန်းဈေးအနီး) ရေတာရှည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တာဝန်ကျေကျေ ဒို့ချစ်မြေ

* ကမ္ဘာ့မြင်ကွင်း၊ စစ်တလင်းတည့်
ချစ်ခြင်းတရား၊ လွန်ခေါင်းပါးလျက်
စော်ကားသမှု၊ ဝင်ရောက်ပြုနေ
သူ့ဂုဏ်သိက္ခာ၊ အဘယ်ပါနည်း
ရင်မှာလှပ်လှပ်၊ သည်းဆတ်ဆတ်မျှ
မွန်းကျပ်နေကြ၊ သည်ကာလဝယ်...။

* မြတ်သမိုင်းဝင်၊ ညောင်နှစ်ပင်၌
ကြည်လင်မြတ်လေး၊ ဒို့ရှေ့ရေးကို
ဆွေးနွေးတိုင်ပင်၊ မြတ်နိုးခင်လျက်
ကြင်နာရိုးသား၊ တန်ဖိုးထားကာ
လေးစားယုံကြည်၊ ဆုံကြပြီတည့်။

* "ငါ...တကော"ဖြင့်၊ ဘယ်သောခါမျှ
ညှိမရပါ၊ သမိုင်းပုံရိပ်
ရှေးအတိတ်များ၊ ဆိတ်ဆိတ်နေလဲ
ဝန်ခံဆဲပင်၊ ရဲရင့်ဖွံ့ဖြိုး
တည်ငြိမ်တိုးတက်၊ အေးချမ်းလျက်သာ
ခေတ်မီပါရေး၊ စဉ်မျှော်တွေးလော့
"အေးတူပူမျှ၊ လက်တွဲကြ"
"ညီညွတ်ချစ်ခင်၊ စည်းလုံးကြ"
"လိုက်လိုက်လှဲလှဲ၊ ကြိုးပမ်းကြ"။ ။

နောင်လွင်

ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အဖွဲ့ဝင်များ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့စက်မှုဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့စက်မှုဆိပ်ကမ်း အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ရန်ကုန်ဆိပ်ကမ်း တစ်လျှောက် အမြင်တင့်တယ်စေရေးနှင့် သာယာလှပစေရေးတို့အတွက် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဆင့်မြင့်ဆိပ်ခံတံတားများ တည်ဆောက်ခဲ့မှု၊ ကုန်သေတ္တာများထားရန် လွင်ပြင်များ ဆောင်ရွက်ခဲ့မှုနှင့် ဆိပ်ကမ်းသာယာလှပရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မြင့်က မြန်မာ့စက်မှုဆိပ်ကမ်း ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဆိပ်ကမ်း၌ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်၍ ကုန်တင်ကုန်ချ လုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် ဆိပ်ကမ်းသာယာလှပရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့စက်မှု ဆိပ်ကမ်း ကုန်သေတ္တာလွင်ပြင်နှင့် ဆိပ်ခံတံတား အခြေအနေများကို လည်းကောင်း၊ ဧရာဝတီလွန်းကျင်း အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဆိပ်ကမ်း သာယာလှပရေး လုပ်ငန်းများကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

အလေးထားဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေယာဉ်ဖြင့် ရန်ကုန်မြစ်တွင်းမှနေ၍ ဆိပ်ကမ်း တစ်လျှောက်အမြင်တင့်တယ်စေရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်ဆိပ်ကမ်း တစ်လျှောက်နှင့် ရန်ကုန်မြစ်အတွင်းတို့၌ အစဉ်သန့်ရှင်း သာယာ လှပစေရေးအတွက် အမှိုက်များ မရှိစေရေးနှင့် စနစ်တကျ သိမ်းဆည်း စွန့်ပစ်ရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်တို့က ကြပ်မတ် ဆောင်ရွက်ကြရန်နှင့် ဆိပ်ကမ်း တစ်လျှောက်၌ အမှိုက်ပုံးများ၊ ကွမ်းတံတွေးခွက်များထားရှိရေး၊ အမြင် တင့်တယ်စေရေးအတွက် စိုက်ပျိုးထားရှိသည့် အုန်းပင်များနှင့် ရေတမာပင်များ ရှင်သန်ကြီးထွားစေရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနား တောင်ကြီးတွင်ကျင်းပ

ရန်ကုန် ဇူလိုင် ၄

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ဇနီး ဒေါ်ဝင်းဝင်းနု၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်သင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးကောလိပ်ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနား သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုက ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(ဝဲပုံ)

သို့ တက်ရောက်လာကြသူများက

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၏ဇနီးနှင့် တက်ရောက်လာကြသူများက ရုံးခန်းအတွင်း လှည့်လည် ကြည့်ရှုကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

(က-ပ)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု၍ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်ကာ ရန်ကုန်ဘူတာကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် မီးရထား ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ အမှတ်(၄)နယ်မြေ စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့ လိုက်လံကြည့်ရှုအားပေး ကြစဉ်။

(၂၅၉)

သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး ပြည်ပဈေးကွက်ပိုမိုရရှိရေးနည်းလမ်းရှာကြံဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇူလိုင် ၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ တွင် ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၃) ပရိဘောဂစက်ရုံသို့ရောက်ရှိလာရာ စက်ရုံညွှန်ခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်၍ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ ထုတ်လုပ်ပြီး ပရိဘောဂပစ္စည်းများ ပြည်ပသို့တင်ပို့ရန် အသင့်ပြင်ဆင်ထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ချောအရည်အသွေး မြင့်မားရေး၊ ပြည်ပဈေးကွက် ဈေးကောင်းရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ အဆိုပါစက်ရုံမှ ထွက်ရှိသော ပရိဘောဂပစ္စည်းများ၊ သစ်ခွဲသားများ၊ ပါကေးတုံးများကို ပြည်ပသို့ စတင်ရောင်းချမည်ဖြစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘောဇ သစ်စွာလှိုင်ကုမ္ပဏီလီမိတက်၏ သစ်အခြေခံ စက်မှုအလုပ်ရုံသို့ရောက်ရှိရာ စက်ရုံညွှန်ခန်းမ၌ စက်ရုံတာဝန်ခံက လုပ်ငန်းပိုင်းကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးသည် စက်ရုံ၏သစ်အချောထည်ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ပြည်ပသို့ ပို့ဆောင်ရန် ထုပ်ပိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံစက်မှုဇုန်ရှိ မြန်မာဝင်းစတားကုမ္ပဏီလီမိတက်၊မြစ်မခကုမ္ပဏီလီမိတက်၊ SLP WOOD Pte; Ltd. သစ်အခြေခံစက်ရုံများသို့ သွားရောက်၍ သစ်အချောထည် ထုတ်လုပ်မှုအဆင့်ဆင့်၊ ပြည်ပသို့ပို့ဆောင်ရန် ထုပ်ပိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက နိုင်ငံတော်မှ သစ်အချောထည် စက်မှုလုပ်ငန်းများကို အားပေးလျက်ရှိရာ နိုင်ငံတော်နှင့် ကိုယ်ပိုင် အကျိုးစီးပွားမျှတစွာထားရှိရေး၊ ပစ္စည်းအမျိုးအမည်သစ်များ တီထွင်ထုတ်လုပ်ပြီး ပြည်ပဈေးကွက် ပိုမိုရရှိရေး နည်းလမ်းရှာကြံ ဆောင်ရွက်သွားကြရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

မဒေးရေလှောင်တမံ

ယင်းသို့ စီမံဆောင်ရွက်လျက်ရှိရာတွင် မကွေးတိုင်း ကံမမြို့နယ် ပုသိမ်–မုံရွာကားလမ်းမကြီး အနောက်ဘက်သုံးမိုင်ခွဲခန့် အကွာတွင်ရှိပြီး ကြို့ပင်ရွာအနီး၌ မဒေးချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော မဒေးရေလှောင်တမံ စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

မဒေးရေလှောင်တမံသို့ သွားရောက်လေ့လာရာတွင် မဒေးရေလှောင်တမံ စီမံကိန်းကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေသော ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး(၂) ဦးကျော်ဆန်းနှင့် ဦးစီးအရာရှိ ဦးတင်ဦးတို့က မြန်မာ့အလင်းသတင်းအဖွဲ့ လေ့လာသိရှိလိုသမျှကို အသေးစိတ်ရှင်းလင်းပြောပြသည်။

အဓိကလုပ်ငန်းများ

မဒေးရေလှောင်တမံ စီမံကိန်းကို ၂၀၀၂–၂၀၀၃ ခုနှစ်မှစတင်ဆောင်ရွက်ပြီး မဒေးရေလှောင်တမံ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပင်မရေလှောင်တမံ တည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းစသော အဓိကလုပ်ငန်းကဏ္ဍများပါဝင်သည်။

မဒေးရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်သည်။ မြေသားတမံတည်ဆောက်ရာတွင် ပင်မတမံနှင့် ကုန်းကြောတမံဟူ၍ ခွဲခြားတည်ဆောက်မည်ဖြစ်သည်။ ပင်မတမံသည် အလျားပေ ၁၈၂၀ ရှိပြီး ကုန်းကြောတမံသည် ပေ ၁၂၀၀ ရှိမည်ဖြစ်သည်။ တမံအမြင့်ကို ၁၅၅ပေ တည်ဆောက်သွားမည်ဖြစ်သည်။

နှစ်စဉ်စီးဝင်ရေ ကိုးသောင်းကျော်

မကွေးတိုင်းအတွင်း မဒေးဒေသအတွင်း မိုးရွာသွန်းမှုသည် ၄၆ ဒသမ ဝ၆လက်မရှိရာ ရေဆင်းဧရိယာသည် ၇၆စတုရန်းမိုင်ရှိသည့်အတွက် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧကပေ ၉၁၁၀၀ဧက ရှိမည်ဖြစ်သည်။ တည်ဆောက်သည့် တမံအလျားနှင့် အမြင့်ကြောင့် ရေလှောင်ပမာဏသည် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀လှောင်နိုင်မည်ဖြစ်၍ ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၁၀၀၀၀ နှင့် ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာဧကပေ ၉၆၀ ရှိမည်ဖြစ်သည်။

ရေပိုလွှဲတည်ဆောက်

မဒေးရေလှောင်တမံသို့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ကိုးသောင်းကျော်ဖြစ်ပြီး သိုလှောင်နိုင်သော ကန်ရေပြည့်ရေလှောင်ပမာဏသည် ဧကပေ ငါးသောင်းကျော်သာရှိသောကြောင့် နှစ်စဉ်ရေသည် ပိုလျှံနေမည်ဖြစ်ရာ မြေအနေအထားပေါ်မူတည်ပြီး ဘဲနှုတ်သီးသဏ္ဌာန် သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲကို တည်ဆောက်မည်ဖြစ်သည်။ ရေပိုလွှဲအကျယ်မှာ ပေ ၂၀၀ရှိသော ရေပိုလွှဲကို တည်ဆောက်မည်ဖြစ်သောကြောင့် ရေပိုလွှဲ ရေထုစီးနှုန်းသည် ၃၆၅၈၀ ကုဗပေစက္ကန့်နှုန်းဖြင့် ရေပိုများ လွှဲထုတ်မည်ဖြစ်သည်။

မဒေးရေလှောင်တမံတွင် သံကူကွန်ကရစ်ရေထုတ်ပြွန်ကို အကျယ်လေးပေ၊ အမြင့်ခြောက်ပေတည်ဆောက်၍ အချင်း ၂၄လက်မရှိသော ရေအားလျှပ်စစ်ထုတ်နိုင်ရန် ပိုက်တစ်လုံးတပ်ဆင်ပြီး ရေအားလျှပ်စစ် ထုတ်လုပ်မည်



မဒေးရေလှောင်တမံ၌ ရေအားလျှပ်စစ်ထုတ်လုပ်မည့် ရေပိုက်လိုင်း သွယ်တန်းနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဖြစ်သည်။ ရေအားလျှပ်စစ်မှာ ဒသမ ၅မဂ္ဂါဝပ် ထုတ်နိုင်မည်ဖြစ်သည်။ ရေထုတ်ပြွန်၏ အလျားမှာ ၄၅၆ ပေရှိမည်ဖြစ်ပြီး ရေထုတ်ပြွန်၏ရေထုစီးနှုန်း ၁၅၀ကုဗပေစက္ကန့် ရှိမည်ဖြစ်သည်။

မဒေးရေလှောင်တမံကို ၂၀၀၂–၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိသည့် ဇွန် ၁၄ရက်အထိ တမံဖို့ခြင်းမြေကြီးလုပ်ငန်း ၅၈၃၄၀၈ ကျင်းလုပ်ရန် လျာထားသည့်အနက် ၅၁၄၃၁ ကျင်းပြီးစီး၍ လုပ်ငန်းတစ်ရပ်လုံး၏ ၈ဒသမ ၈၂ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်သည်။

ပြီးစီးရန်လျာထား

ထို့အတူပင် ရေထုတ်ပြွန်လုပ်ငန်းတွင် ကွန်ကရစ်လုပ်ငန်းအတွက် ကျင်း ၆၇၀လုပ်ရန်ရှိရာတွင် ၃၆၄ကျင်း ဆောင်ရွက်ပြီးသောကြောင့် ၅၄ဒသမ ၃၃ ရာခိုင်နှုန်း ပြီးစီးလျက်ရှိသည်။ မဒေးရေလှောင်တမံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် မိုးရာသီအချိန်ဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် နေသာချိန်များတွင် ရှိသောစက်ယန္တရားများဖြင့် ရသမျှအချိန်တိုင်း ဆောင်ရွက်လျက်ရှိသည်။ မဒေးရေလှောင်တမံကို ၂၀၀၄–၂၀၀၅ ခုနှစ်တွင်ပြီးစီးရန် လျာထားသည့်အလျောက် အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

ကံမမြို့နယ်အတွင်းရှိ မြေဧရိယာ ဧက ၄၀၀၀အတွက် မဒေးရေလှောင်တမံမှ ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ မဒေးရေလှောင်တမံ၏ ကန်ရေပြည့်လှောင်နိုင်သော ရေလှောင်ပမာဏသည် ဧကပေ ၅၄၀၀၀ဖြစ်၍ ကန်ရေသေလှောင်မည့်ရေလှောင်ပမာဏသည် ဧကပေ ၁၀၀၀၀ဖြစ်သောကြောင့် ရေဧကပေ ၄၄၀၀၀ဖြင့် စိုက်ရေးပျိုးရေးအတွက် ရေထုတ်ပေးနိုင်မည်ဖြစ်သောကြောင့် စိုက်ပျိုးမြေ ဧက ၄၀၀၀အတွက် မိုးစပါးနှင့် နွေစပါးစိုက်ရန် လုံလောက်စွာပေးနိုင်မည်ဖြစ်သည်။

ရေလွှဲဆည်

မဒေးရေလှောင်တမံသို့ ရခိုင်ရိုးမတောင်တန်းများမှ ရေများစီးဆင်းလာသည်ဖြစ်သောကြောင့် ရေဆင်းဧရိယာ အားကောင်းသဖြင့် မဒေးရေလှောင်တမံတည်ဆောက်ပြီးလျှင် မဒေးတမံ၏အောက်ဘက် ကျောက်မဲရွာအနီး၌ ရေလွှဲဆည်တစ်ခုတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် ဆည်အစုအဖွဲ့များကို တည်ဆောက်ရန် စီမံချက်အရ တည်ဆောက်ဖွင့်လှစ်ပြီး ဆည်ပေါင်း ငါးခုရှိပြီး တည်ဆောက်ဆဲဆည်လေးခုရှိ၍ တည်ဆောက်မည့်ဆည်မှာ ခုနစ်ခုရှိသည်။ တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ပြီးသော ဆည်ငါးခုမှာ ပန်းတောင်းမြို့နယ်မှ ညောင်ကိုင်းဆည်၊ ကျီးပင်ဆည်၊ တောင်မောက်ဆည်၊ ခဝါဆည်နှင့် အင်္ဂပူမြို့နယ်မှ နန်ကသူဆည်တို့ဖြစ်ကြပြီး ဧရိယာဧက ၁၉၀၀၀ကို အကျိုးပြုလျက်ရှိပေသည်။

ဧက၆၁၀၀၀အကျိုးပြု

တည်ဆောက်ဆဲဆည်တမံလေးခုတို့မှာ ကံမမြို့နယ်မှ မဒေးဆည်၊ ကြံခင်းမြို့နယ်မှ ကွန်ချောင်း(၂)ဆည်၊ မြန်အောင်မြို့နယ်မှ မမြဆည်နှင့် အင်္ဂပူမြို့နယ်မှ ကညင်ဆည်တို့ဖြစ်၍ ယင်းဆည်လေးခုတည်ဆောက်ပြီးစီးပါက ဧရိယာဧက ၆၁၀၀၀ကို အကျိုးပြုမည်ဖြစ်သည်။

တည်ဆောက်မည့် ဆည်ခုနစ်ခုတို့မှာ ပန်းတောင်းမြို့နယ်မှ ဘူးရိုးဆည်၊ သူရဲတန်းဆည်၊ ကြံခင်းမြို့နယ်မှ ကွန်ချောင်း(၂)ရေကူဆည်၊ လေးမျက်နှာမြို့နယ်မှ ဂျပ်ချောင်းဆည်၊ မဲဇလီဆည်၊ ရေကြည်မြို့နယ်မှ တောင်ကွန်းဆည်နှင့် ကြက်ပေါင်ဆည်တို့ဖြစ်ကြပြီး ယင်းဆည်ခုနစ်ခုမှ ဧရိယာဧက ၁၅၃၁၀၀ကို အကျိုးပြုနိုင်မည်ဖြစ်သည်။ ဖော်ပြပါဆည် ၁၆ခု တည်ဆောက်ပြီးစီးသွားမည်ဖြစ်ပါက ဧရာဝတီအနောက်ဘက်ခြမ်း၌ စိုက်ပျိုးမြေဧက ၂၃၁၁၀၀အတွက် အကျိုးပြုမည်ဖြစ်သည်။

ဆည်ရေသောက်စနစ်

မဒေးဆည်မှာ ဧရာဝတီအနောက်ဘက်ခြမ်း ဆည်အစုအဖွဲ့များတွင် အထက်ပိုင်းအကျဆုံးဆည်ဖြစ်၍ ၁၀မိုင်ရှည်သော တူးမြောင်းမကြီးနှင့် တူးမြောင်းခွဲများကို ၄၇ဒသမ၈မိုင် အရှည်ရှိသော ဆည်ရေသောက်စနစ်ကို ဆောင်ရွက်မည်ဟု သိရသည်။

မဒေးရေလှောင်တမံကို နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၆၀၀ကျော်ခန့် အသုံးပြု၍ တည်ဆောက်လျက်ရှိပြီး မဒေးရေလှောင်တမံတည်ဆောက်ခြင်းဖြင့် စိုက်ပျိုးမြေဧရိယာ ဧက ၄၀၀၀အတွက် ဆည်ရေပေးနိုင်မည်ဖြစ်ပြီး စိုက်ပျိုးသီးနှံများ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည့်အပြင် ဒေသသုံး ရေအားလျှပ်စစ်ကိုပါ ရရှိမည်ဖြစ်ပေရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲနှင့် အလှူရှင်များနှင့်ကူညီသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကြီးကြပ်ဖွင့်လှစ်သော အမျိုးသမီးများအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲနှင့် ကျောင်းသား ကျောင်းသူလေးများအတွက် ပညာသင်စရိတ်ပံ့ပိုးလှူဒါန်းခဲ့သော အလှူရှင်များနှင့် သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်နှင့် ဒေါ်သန်းသန်းနွဲ့၊ အကြံပေးပုဂ္ဂိုလ်များ၊ ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်မြမြနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြဆရာမများ၊ အလှူရှင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြော

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများ အင်္ဂလိပ်စကားပြော သင်တန်းမှ သင်တန်းသူလေးများက သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ ဂုဏ်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က သင်တန်းသူများအတွက် သင်တန်းသူ ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

ထို့နောက် သင်တန်းသူများကိုယ်စား မစိန်စိန်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ကျောင်းသားကျောင်းသူလေးများအတွက်ပညာသင်စရိတ်ပံ့ပိုးငွေကျပ်နှစ်သိန်း အလှူရှင် ဦးသန်းမြင့်–ဒေါ်ခင်သိန်းကြည်နှင့် ငွေကျပ်လေးသိန်း လှူဒါန်းခဲ့သော အလှူရှင် ဦးစိန်သန်း–ဒေါ်သီတာဦး မိသားစုတို့အား ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လည်းကောင်း၊ ငွေကျပ်တစ်သိန်းစီလှူဒါန်းခဲ့ကြသော ဦးစိုးလင်း–ဒေါ်ဂင်စွီမိသားစု၊ ဒေါ်ခင်ဖွား မိသားစု၊ ဦးအောင်မျိုး–ဒေါ်လှလှမြမိသားစု၊ ဦးထက်ညီ– ဒေါ်ယဉ်ယဉ်မြင့်မိသားစုနှင့် ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်တို့အား ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လည်းကောင်း၊ ငွေကျပ်သုံးသောင်းနှင့် အောက်လှူဒါန်းခဲ့ကြသော အလှူရှင်များကိုယ်စား အလှူရှင်နှစ်ဦးအား ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်လေးမြင့်ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ကြည်ကြည်ဝင်းက သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ယင်းနောက် ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ဝင်းရွှေက သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီခဲ့ကြသော ကျောင်းအုပ်ဆရာမကြီးများနှင့် ကျောင်းသူလေးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

၆ ရက်တို့တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ နှစ်နေရာခွဲ၍ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်(၁)

ဇူလိုင် ၅ ရက်(ယနေ့)ညနေ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆင့်မြင့်တန်းမှ အသင်းကြီးနှစ်သင်း ပွဲစဉ်ဖြစ်၍ အကြိတ်အနယ် ပွဲကြီးပွဲကောင်း ကြည့်ကြရမည်ဖြစ်သည်။

စီးပွား/ကူးသန်း အသင်းသည် အုပ်စု(ဃ)၌ပါဝင်ခဲ့ပြီး ပြည်ထဲရေးကို သုံးဂိုး–ဂိုးမရှိ၊ တပ်မတော်(ကြည်း)ကို ခုနစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ သုံးသင်းပါဝင်သောအုပ်စု၌ နှစ်ပွဲနိုင် (၆)မှတ်ဖြင့် အုပ်စုပထမရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းသည် နှစ်ပွဲကစားခဲ့ရာတွင် ၁၀ ဂိုးသွင်းပြီး တစ်ဂိုးသာအသွင်းခံခဲ့ရသည်။ စီးပွား/ကူးသန်းအသင်းအတွက် မာလနှင့်မျိုးမင်းထွန်းက နှစ်ဂိုးစီ၊ မင်းသူ၊ တင်မင်းထွန်းနှင့် ဘိုဘိုအောင်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

မြို့တော်စည်ပင် အသင်းသည် အုပ်စု(က)၌ပါဝင်ခဲ့ပြီး တံခွန်ကိုနှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ကာ ဆောက်လုပ်ရေးနှင့် ဂိုးမရှိသရေ၊ စွမ်းအင်နှင့် တစ်ဂိုးစီသရေကျခဲ့သည်။ သုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၅)မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ အုပ်စုပထမရရှိသော စွမ်းအင်နှင့် (၅)မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ အုပ်စုဒုတိယသာ ရရှိခဲ့ခြင်း ဖြစ်သည်။ မြို့တော်စည်ပင်အသင်းသည် သုံးပွဲကစားရာတွင် သုံးဂိုးသွင်းပြီး တစ်ဂိုးအသွင်းခံခဲ့ရသည်။ မြို့တော်စည်ပင်အသင်းအတွက် သန်းဝဏ္ဏအောင်က နှစ်ဂိုး၊ အောင်မြင့်အေးက တစ်ဂိုး သွင်းယူပေးသည်။ တံခွန်နှင့်ပွဲတွင် မြို့တော်စည်ပင်ဂိုးသမားအောင်နိုင်စိုး အစွမ်းပြပြီး ပယ်နယ်တီကာကွယ်နိုင်ခဲ့သည်။

စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင်တို့ ယမန်နှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားပွဲတွင် တစ်အုပ်စုတည်းကျခဲ့ကြပြီး မြို့တော်စည်ပင်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင်တို့ တစ်ဂိုးစီသရေကျခဲ့သည်။ စီးပွား/ ကူးသန်းနှင့် မြို့တော်စည်ပင်တို့သည် တစ်သင်းနှင့်တစ်သင်း ခြေကွာလှသော အသင်းများမဟုတ်ကြချေ။ သို့သော် ယခုနောက်ပိုင်းတွင် စီးပွား/ကူးသန်းအသင်းက တစ်ပွဲထက်တစ်ပွဲ ခြေတက်လာနေသည်။

စီးပွား/ကူးသန်းအသင်းမှ မာလ၊ မျိုးမင်းထွန်း၊ မင်းသူ၊ ဇော်လင်းထွန်း(၂)၊ဘိုဘိုအောင်နှင့် ကျော်ဇင်ဝင်းတို့ ပဏာမလက်ရွေးစင်အသင်း၌ ပါဝင်နေသည်။ မြို့တော်စည်ပင်အသင်းမှ ထွန်းထွန်းလင်း (ဂိုး) ဇော်ဇော်နှင့် အောင်ဇော်မျိုးတို့ပဏာမလက်ရွေးစင်အသင်း၌ ပါဝင်နေသည်။

စီးပွား/ကူးသန်း အသင်းသည် မြို့တော် စည်ပင်အသင်းထက် ကစားအားကောင်းပြီး အရန်အင်အားလည်း ကောင်းသည်။ မြို့တော်စည်ပင်ဂိုးသမား အောင်နိုင်စိုး လက်စွမ်းပြနေရာ စီးပွား/ကူးသန်းတိုက်စစ်မှူးများ၏ အားပါသော ကန်ချက်များကို မည်သို့ ကာကွယ်မည်ကိုစောင့်ကြည့်ရပေမည်။

စီးပွား/ကူးသန်းအသင်းမှ ဂိုးသမား အောင်မြင့်နိုင်သည် လူငယ်ဖြစ်၍ ဖျတ်လတ်ပြီး နေရာယူမှန်သည်။ကွင်းပိတ်ပြိုင်ပွဲတွင် လယ်ယာထွက်ကုန်အသင်းမှ ပါဝင်ကစားခဲ့ပြီး စီးပွား/ကူးသန်း(က)အသင်းသို့ အဆင့်တိုးမြှင့်ပေးထားခြင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းက မြို့တော်စည်ပင်ကိုအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားမည်ဟုယူဆမိသည်။

ကွာတားဖိုင်နယ်ပွဲစဉ်(၂)

ဇူလိုင် ၅ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကွာတားဖိုင်နယ် ပွဲစဉ်(၂) အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆင့်မြင့်တန်းမှ သမ္မာရင့်၊ ဝါရင့်ဘဏ္ဍာ/အခွန်အသင်းနှင့် ပထမတန်းမှ တက်လာသော မျက်နှာသစ် ကမ္ဘောဇအသင်းတို့၏ ပွဲစဉ်ဖြစ်ရာ ဘဏ္ဍာ/အခွန်အသင်း အပေါ်စီးမှ ကစားရဖွယ်ရှိသည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အုပ်စု(ဂ) ၌ပါဝင်ခဲ့ပြီး လယ်ယာထွက်ကုန်ကို သုံးဂိုး–ဂိုးမရှိ၊ ပို့ဆောင်ရေးကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး သစ်တောရေးရာကို တစ်ဂိုး– ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ အုပ်စု(ဂ)တွင် ဘဏ္ဍာ/အခွန်၊ လယ်ယာထွက်ကုန်နှင့် သစ်တောရေးရာတို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ဘဏ္ဍာ/အခွန်အသင်း အုပ်စုပထမရရှိခဲ့ခြင်း ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် သုံးပွဲ ကစားရာတွင် ငါးဂိုး သွင်းပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ကျော်သူရ၊ အောင်လင်းထွန်း၊ လွင်ဦး၊ ဇော်ထိုက်နှင့် ထွန်းထွန်းဝင်း(ပယ်နယ်တီ)တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

ပုဂ္ဂလိကအသင်းဖြစ်သောကမ္ဘောဇအသင်းသည် အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး လယ်ယာ/ဆည်မြောင်းကို လေးဂိုး–တစ်ဂိုးဖြင့်နိုင်ကာ ပတ္တမြားနဂါးနှင့် နှစ်ဂိုးစီသရေကျပြီး ကာကွယ်ရေးကို သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ကမ္ဘောဇအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး(၄)မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ ပတ္တမြားနဂါးအသင်းနှင့် (၄)မှတ်စီတူညီသော်လည်း သွင်းဂိုးအသာဖြင့် ကွာတားဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းအတွက် လင်းဇော်ထိုက်၊ ထွန်းမင်းဦးနှင့် အောင်ဆန်းဦးတို့က နှစ်ဂိုးစီနှင့် စိုးလှိုင်ဖြိုးဟန်က တစ်ဂိုးသွင်းပေးခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းမှ အောင်အောင်ဦး(ဂိုး)၊ စိုးမြတ်မင်း၊ အောင်ထွန်းလင်း၊ စိုးလင်းထွန်း၊ အောင်ဟိန်းလတ်၊ ထွန်းထွန်းဝင်း၊ လွင်ဦး၊ အောင်ကျော်မိုး၊ ရန်ပိုင်၊ ဇော်ထိုက်နှင့်ကျော်သူရတို့ ပဏာမလက်ရွေးစင်အသင်း၌ ပါဝင်ကြသည်။

ကမ္ဘောဇအသင်းမှ ဟန်ဝင်းအောင်နှင့် ထွန်းမင်းဦးတို့ ပဏာမလက်ရွေးစင်အသင်း၌ ပါဝင်နေသည်။ ကမ္ဘောဇအသင်းသည် ညီနောင်အသင်းဖြစ်သော တံခွန်အသင်းမှ ယဉ်မင်းအောင်(ဂိုး)၊ ဟန်ဝင်းအောင်၊ ထွန်းမင်းဦးနှင့် ကျော်သက်ဦးတို့ကို ခေါ်ယူအင်အားဖြည့်တင်းထားသည်။

ဘဏ္ဍာ/အခွန်ကဲ့သို့ လက်ရွေးစင်အများစုပါဝင်နေသော သမ္မာရင့်၊ဝါရင့်အသင်းကြီးကို မျက်နှာသစ် ကမ္ဘောဇအသင်းက ခြေရည်တူကစားနိုင်ရန် မလွယ်ပေ။ ကမ္ဘောဇအသင်း အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် အားထည့်ကစားမည်ဖြစ်ရာ ပွဲကြည့်ကောင်းနိုင်သော်လည်း ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းကပင် အနိုင်ရရှိသွားဖွယ်ရှိပေသည်။

ကွာတားဖိုင်နယ်ပွဲစဉ်(၃)

ဇူလိုင် ၆ ရက် ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်(၃)အဖြစ်စွမ်းအင်အသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆင့်မြင့်တန်းမှ သမ္မာရင့်၊ ဝါရင့်စွမ်းအင်အသင်းနှင့် ပထမတန်းမှ တက်လာသော မျက်နှာသစ် လယ်ယာထွက်ကုန်အသင်းတို့ ဆုံတွေ့ခြင်းဖြစ်သော်လည်း ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်သည်။

စွမ်းအင်အသင်းသည် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး တံခွန်ကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆောက်လုပ်ရေးနှင့်တစ်ဂိုးစီသရေ၊ မြို့တော်စည်ပင်နှင့်တစ်ဂိုးစီသရေကျခဲ့သည်။ သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၅)မှတ်ဖြင့်အုပ်စုပထမရရှိခဲ့သည်။ စွမ်းအင်အသင်းသည် သုံးပွဲကစားခဲ့ရာတွင် ခြောက်ဂိုးသွင်းပြီးလေးဂိုးအသွင်းခံခဲ့ရသည်။ စွမ်းအင်အသင်းအတွက် နိုင်ဝင်းက သုံးဂိုး၊ ရန်နောင်စိုး၊ ဇော်မင်းနှင့် မျိုးဇော်ဦးတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

လယ်ယာထွက်ကုန် အသင်းသည် အုပ်စု(ဂ)၌ ပါဝင်ခဲ့ပြီး သစ်တောရေးရာကို နှစ်ဂိုး–ဂိုးမရှိ၊ ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ဘဏ္ဍာ/အခွန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်ဖြင့်အုပ်စုဒုတိယရရှိခဲ့သည်။ သစ်တောရေးရာအသင်းနှင့် (၆)မှတ်စီတူညီသကဲ့သို့ သွင်းဂိုး၊ ပေးဂိုးပါတူညီနေသော်လည်း လယ်ယာထွက်ကုန်က သစ်တောရေးရာကို အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ် တက်ခွင့်ရရှိခဲ့သည်။

စွမ်းအင်အသင်းမှ ကျော်ခိုင်ဝင်း၊ နိုင်ဝင်း၊ ဇော်ထက်အောင်နှင့်ကျော်မင်းလှိုင်(ဂိုး)တို့ ပဏာမလက်ရွေးစင်အသင်း၌ ပါဝင်နေသည်။ စွမ်းအင်အသင်းသည် ၂၀၀၃–၂၀၀၄ခုနှစ်ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေးပွဲတွင် ဒုတိယရရှိခဲ့ပြီး ကွင်းပိတ်ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်ကို အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ စွမ်းအင်အသင်းနောက်တန်း၌ ကျော်ခိုင်ဝင်း၊ မင်းမင်းထွန်း၊ ဇော်ထက်အောင်နှင့် အေးမင်းထွန်းတို့ပါဝင်နေရာ အဆင့်မြင့်တန်း၌ နောက်တန်းအင်အား အတောင့်တင်းဆုံးဖြစ်သည်။

လယ်ယာထွက်ကုန်အသင်းသည် ယခုနှစ်ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့တက်ရောက်လာခြင်းဖြစ်သော်လည်း လျှော့တွက်၍မရပေ။ အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုံးပါဝင်ယှဉ်ပြိုင်ခဲ့ရာ သစ်တောရေးရာကိုအချိန်ပိုဖြင့် ရွှေဂိုးဖြင့်သာရှုံးခဲ့သည်။ ယခု ကွင်းဖွင့်ဖလားပွဲတွင်လည်း လယ်ယာထွက်ကုန်အသင်းကို အုပ်စုမှ ကျော်ဖြတ်နိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့ကြချေ။ သို့သော် အဆင့်မြင့်တန်းမှ သမ္မာရင့်၊ဝါရင့် ပို့ဆောင်ရေးနှင့် သစ်တောရေးရာတို့ကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လာခဲ့သည်။

စွမ်းအင်အသင်းက ကစားအားနှင့် ကစားကွက်သာလွန်သကဲ့သို့ အတွေ့အကြုံရင့် ဘောလုံးသမားများပါဝင်နေ၍ အနိုင်ယူသွားဖွယ်ရှိသော်လည်း လယ်ယာထွက်ကုန်အသင်းကို လျှော့တွက်ခဲ့မိပါက မထင်မှတ်သောရလဒ်များ ပေါ်ထွက်လာနိုင်ပေသည်။

ကွာတားဖိုင်နယ်ပွဲစဉ်(၄)

ဇူလိုင် ၆ ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကွာတားဖိုင်နယ် ပွဲစဉ်(၄)အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကြံ့ခိုင်မှုနှင့် ခွန်အားကို အပြည့်အဝအသုံးချကာ မိနစ် ၉၀ ပြည့်သည်အထိ သက်လုံမကျဘဲ ကစားနိုင်သော နှစ်သင်းဆုံတွေ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး ကမ္ဘောဇကို သုံးဂိုး–တစ်ဂိုး၊ ပတ္တမြားနဂါးကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး လယ်ယာ/ဆည်မြောင်းကိုလေးဂိုး–နှစ်ဂိုးဖြင့်ရှုံးခဲ့သည်။သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ သုံးပွဲကစားရာတွင် ခုနစ်ဂိုးသွင်းပြီး ခြောက်ဂိုးအသွင်းခံခဲ့ရသည်။ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက်အောင်မိုးဦးနှင့် ငွေအောင်တို့က နှစ်ဂိုးစီ၊ ဟိန်းထက်နောင်၊ ကျော်ကျော်မောင်နှင့် ထွန်းမင်းနိုင်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

ပြည်ထဲရေးအသင်းသည် အုပ်စု(ဃ)၌ ပါဝင်ခဲ့ပြီး တပ်မတော်(ကြည်း)ကို လေးဂိုး–နှစ်ဂိုးဖြင့်နိုင်ကာ စီးပွား/ကူးသန်းကို သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ သုံးသင်းပါဝင်သော အုပ်စုတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ နှစ်ပွဲကစားရာတွင် လေးဂိုးသွင်းပြီး ငါးဂိုးအသွင်းခံခဲ့ရသည်။ ပြည်ထဲရေးအသင်းအတွက် နေသူလှိုင်က သုံးဂိုး၊ လတ်နေဝင်းက တစ်ဂိုးသွင်းခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကိုကိုအောင်(ဂိုး)၊ စန်းမောင်၊ ထွန်းမင်းနိုင်၊ ကျော်ကျော်လင်း၊ မောင်မောင်အောင်နှင့် ငွေအောင်တို့ ပဏာမလက်ရွေးစင်အသင်း၌ ပါဝင်နေသည်။ ပြည်ထဲရေးအသင်းမှ ချစ်ကိုကို တစ်ဦးသာ ပဏာမလက်ရွေးစင်အသင်း၌ ရွေးချယ်ခံထားရသည်။ ယမန်နှစ်ဘောလုံးရာသီကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးအသင်းတို့ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ကြသည်။

ပြီးခဲ့သည့် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရှိကစားသမားပါဝင်နေမှုအနေအထားနှင့် အသင်းလိုက်ကစားအားအရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးအသင်းကို အနိုင်ရဖွယ်ရှိပေသည်။ ။

(မြန်မာ့အလင်း)

ILBC Cup အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ လယ်ယာ/ ဆည်မြောင်းနှင့်ပြည်ထဲရေးတို့ ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကကြီးမှူး၍ ILBC ကျောင်းမှ တာဝန်ယူကျင်းပသော ILBC Cup အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဇူလိုင်၂ ရက်က မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ(သုဝဏ္ဏ)တွင်ကျင်းပရာ အမျိုးသားအလွတ်တန်း ပထမတန်း ပထမဆုကို လယ်/ဆည်(က)အသင်း၊ ဒုတိယဆုကို လယ်/ဆည်(ခ)အသင်း၊ တတိယဆုကို မုံရွာ(၁)အသင်း၊ စတုတ္ထဆုကို တပ်မတော်–ရေ(က)အသင်းတို့ရရှိပြီး ဒုတိယတန်းပြိုင်ပွဲတွင် ပထမ ပြည်ထဲရေး(ခ)အသင်း၊ ဒုတိယ ပြည်ထဲရေး(က)အသင်း၊ တတိယ ပို့ဆောင်ရေး(က)အသင်း၊ စတုတ္ထဆုကို ပါကေးဆရာလေးအသင်းတို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဉာဏ်ထွန်း (ညွှန်မှူး၊ အား/ကာ ပြန်ကြားရေး)၊ ဦးတင်မောင်ဝင်း (MD,ILBC) ကျောင်းနှင့်အမှုဆောင်များက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဧဒင်အုပ်စုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ကျပ်သိန်းနှစ်ရာ၊ ဦးအောင်ကိုဝင်း (ကမ္ဘောဇကုမ္ပဏီလီမိတက်)က ကျပ်ဆယ်သိန်း၊ Mr. Lu Wenj Un က ကျပ်ဆယ်သိန်း၊ Myanmar Cosco က ကျပ်ဆယ်သိန်း၊ဦးတင်မောင်ဝင်း(MD,ILBC) က ကျပ်ငါးသိန်းနှင့် ဦးအောင်ရွှေ (MD,Fantasy World) က ကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံရယူသည်။ **(ဓါတ်ပုံ)**

ကျန်အလှူငွေများကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးဉာဏ်ထွန်းနှင့် ဦးတင်မောင်ဝင်းတို့က လက်ခံရယူကြရာ စုစုပေါင်း အလှူငွေကျပ် ၃၁၂ သိန်း ရရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ အုပ်ချုပ်သူများညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၄

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲအတွက် အသင်းအုပ်ချုပ်သူများညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ဇူလိုင် ၅ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲစက်မှုဇုန်ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၄

၂၀၀၄ ခုနှစ် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန်၂၉ရက် ညနေ၃ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဆုပေးပွဲမစတင်မီ နောက်ဆုံးဗိုလ်လုပွဲအဖြစ် စက်မှုဇုန် ဘောလုံးအသင်းနှင့် ဈေးပိုင်းရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ စက်မှုဇုန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆုများနှင့် ဒုတိယဆုရရှိသော ဈေးပိုင်းရပ်ကွက်ဘောလုံးအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆု၊ အသန့်ရှင်းဆုံးအသင်းဆုတို့အား ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ပြည်နယ်ဘောလုံးဆပ်ကော်မတီဝင် ဦးဘမြိုင်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသွားသော စက်မှုဇုန်ဘောလုံးအသင်း**(ယာပုံ)**အား တစ်ဦးချင်းဆု၊ ဒိုင်းဆုနှင့် ဆင့်ပွားဖလားတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်က ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ဗဟန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၄

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ဗဟန်းအထက(၂) အားကစားခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကဒေါ်ခင်သက်ငွေး၊ ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါက်တာဒေါ်ခင်စန်းနွယ်၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာလှမြင့်၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကများ၊ ဥက္ကဋ္ဌဒေါ်နုနုရီနှင့်အမှုဆောင်များ၊ အသင်းသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နုနုရီ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ငွေး**(အပေါ်ပုံ)**တို့က အမှာစကားပြောကြားကြသည်။

လှူဒါန်း

ထို့နောက် ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း လှုပ်ရှားမှုအကောင်း ဆုံးဆုများကိုချီးမြှင့်ရာ တတိယဆုရ ဗိုလ်စိန်မှန်ရပ်ကွက်အသင်း၊ ဒုတိယဆုရဆရာစံတောင်ရပ်ကွက်၊ ပထမဆုရ ကျိုက္ကဆံရပ်ကွက်အသင်းတို့အားသဘာပတိမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်နုနုရီကပေးအပ်ချီးမြှင့်ပြီး သဘာပတိကပင်အလှူရှင်များလှူဒါန်းသည့် အလှူငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ အစည်းအဝေးပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားလိုက်သည်။

ဖတ်ကြားတင်သွင်း

အစည်းအဝေး ဒုတိယပိုင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လှမြင့်က ဆောင်ရွက်ပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၂-၂၀၀၃ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအား တွဲဖက်အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်၊ ၂၀၀၂-၂၀၀၃ ခုနှစ်ဘဏ္ဍာရေး ရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မျိုးမြင့်တို့က ဖတ်ကြားတင်သွင်းရာ သဘာပတိက အတည်ပြုပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(က-ပ)**

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၈)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ (၁)၊ အမှတ်(၈)ကို ဖြန့်ချိထားသည်။

ယခုတစ်ပတ် ဂျာနယ်တွင် ယူနန်ပြည်နယ်က မြန်မာနိုင်ငံ မြစ်ကြီးနားလမ်းနှင့် ဆက်စပ် အမြန်လမ်းမကြီးအား အဆင့်မြှင့်ရန်စီစဉ်၊ အဲယားမြန်မာ လေကြောင်းလိုင်းသစ် မကြာမီပျံသန်းတော့မည်။

ဂျပန်စီးပွားရေး နာလန်ထမှု အရှိန်ကောင်းလာနေ၊ ဆီစား သက်သာသည့် ဓာတ်ဆီ-လျှပ်စစ်မျိုးစပ်ကားများ တောင်ကိုရီးယား ဟွန်ဒိုင်းကားကုမ္ပဏီက ထုတ်လုပ်ရန်ပြင်၊ ယူရိုဘောလုံး ပရိသတ်များဖြင့် စီးပွားရာသော်လည်း ပေါ်တူဂီ မှန်းချက်နှင့် နှမ်းထွက်ကိုက်မည့်ပုံမပေါ်၊ ချစ်ကလိန်နှလုံးသားကုထုံးရှိမလား၊ အိမ်ထောင်သုခလည်းခံစားဟု ဂျာမန်ဘဏ်ကြီးက အကြံပြု စသည့်ပြည်တွင်းပြည်ပစီးပွားရေးနှင့် အထွေထွေသတင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ကုန်စည်ဒိုင်အပတ်စဉ်ဈေးနှုန်းသတင်းများ၊ သတင်းဆောင်းပါး သုံးသပ်ချက်များ ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Media Houseဖုန်း-၇၀၃၈၀၃ က မြန်မာတစ်ပြည်လုံးသို့ဖြန့်ချိထားသည်။ **(က-ပ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ တာမွေမြို့နယ်၊ အမှတ်၆၀၊ ၁၅၅လမ်းဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃-အေ)၊ မြေကွက်အမှတ် ၉၃ ဒေါ်ဖွားအမည်ရှိ(မြေပိုင်မြေ)ကို ဒေါ်သန်း ၁၂/တမန (နိုင်) ဝ၃၁၅၅ဝက ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ပြုလုပ်ရန် မြေပုံကူးခွင့်လျှောက်ထားလာရာ ရက်ပေါင်း၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

၂။ တာမွေမြို့နယ်၊ အမှတ်၁၂၇၄၊ စပါယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်ဟုခေါ်တွင်သောမြေတိုင်းရပ်ကွက်အမှတ်(၃၄FG)၊မြေကွက်အမှတ်၁၂၇၄ ဦးဘို+၁ အမည်ပေါက်ဂရန်မြေကို ဦးဘို ၁၂/တမန(နိုင်)ဝ၆ဝ၉၂၃ +၁က ဂရန်မိတ္တူလျှောက်ထားခဲ့ရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

၃။ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်၃၀၀ ဦးမြင့်ဝေအမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အင်းစိန်မြို့နယ်၊ ခတ္တာလိုင်း၊ ဗဟိုအကျဉ်းထောင်ဝင်းနေ ဒေါ်တင်မျိုးခိုင် ၁၂/အစန(နိုင်)ဝဝ၂၁၅၈ က အမည်ပြောင်းခွင့်လျှောက်ထားရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

မွေးနေ့ဝိဇာတမင်္ဂလာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ ရခိုင်ကျောင်း မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက်ကြီးနှင့် ရခိုင်ပြည်နယ် ကိုးမြို့နယ်ရှိ စိတ္တသုခကမ္မဋ္ဌာန်းရိပ်သာပေါင်း ၃၆ကျောင်းတို့၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ကမ္မဋ္ဌာနာစရိယ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္ကမထေရ်၏ သက်တော်(၈၁)နှစ်ပြည့် မွေးနေ့ဝိဇာတမင်္ဂလာကို ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ရက် ရခိုင်နယုန်လပြည့်ကျော် ၇ရက်(ဇူလိုင် ၉ရက်)သောကြာနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓသာသနာချီးမြှောက်ပူဇော်ရေးအဖွဲ့။

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ နက္ခတ်ဗေဒင်သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့၏ အခမဲ့ နက္ခတ်ဗေဒင်သင်တန်းအမှတ်စဉ် (၉၃)ဆင်းပွဲကို ဗဟန်းမြို့နယ် ဗဟန်းလမ်းမရှိ မြန်မာသီရိလက်ာ် ဓမ္မဗိမာန်တွင် ဇူလိုင်၃ရက်က ကျင်းပရာ ဥက္ကဋ္ဌ ဦးခင်အောင်ဗိုလ်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

အမှတ်စဉ်(၉၄)ကိုဇူလိုင်၁၀ရက်မှစ၍ အခမဲ့ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း' ဒါန

⁜ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီက ဦးဆောင်လျက် **"ထာဝရ ဒါန"** **"အရိပ်အလှူ ပန်းအလှူ"**ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⁜ **"မနာပ ဒါယီ လဘတေ မနာပံ"**
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⁜ အာရာမရောပ ဒါန = ပန်းပင် သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း... တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း... နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⁜ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံအာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⁜ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန (နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကြပ် ပန်းကပ်ဆက်လှူဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရွက်ဆောင်ကြပါစို့။

⁜ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သောအပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

လိုအပ်သောအရေအတွက် တစ်ပင်နှုန်း(၅ပေ အမြင့်)

အရိပ်ရပင် -	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆	ကျပ် ၁၅၀၀၀
ပန်းအလှပင် -	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀-၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏာရိက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ - ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန
လှူဒါန်းရန်ကာလ - ယနေ့မှစ၍ ဩဂုတ်လကုန်အထိ
ဆက်သွယ်စုံစမ်းရန် - ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း-၂၅၁၈၅၁၊ ၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှကြီးကြပ်ဆောက်လုပ်သော ကျူကြီးကျေးရွာ အိမ်ရာများ ဆောက်လုပ်ရန် သစ်ခွဲစက် အသုံးပြု၍ ခွဲစိတ်ဆောက်လုပ်မှုကို ဇွန် ၁၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူအောင်တို့က ရှင်းလင်းပြသစဉ်။ (၄၀၃)

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအဝင် ဘုရင့်လမ်းဘေး ဝဲယာတစ်လျှောက်တွင် ဇွန် ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးပုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ ကျောင်းရွေ့ရတုကျင်းပရေးကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများက ပန်းအလှနှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၀၈၀)

ဆန်နှင့်စားကုန်များ မော်ကျွန်းထွေ/အုပ်ထောက်ပံ့

မော်လမြိုင်ကျွန်း ဇွန် ၂၀

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို ဆန်နှင့် အခြေခံစားကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ရက်က မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်နှင့် အခြေခံစားကုန်ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဝန်ထမ်းတစ်ဦးချင်း ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။ **(၀၉၇)**

မြောင်းမြမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက မြောင်းမြခရိုင် ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နွဲ့နွဲ့ဝင်းက မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာလှလှဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့တို့က ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဇွန် ၂၃ရက်မှ ၃၀ရက်ထိ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းစုများမှ ဝင်ငွေခွန်နှင့် စာရင်းစစ်ကြေးများ စုပေါင်းပေးအပ်ပွဲကို ဇွန် ၂၈ရက်က ရွှေခရမ်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစု လီမိတက် ရုံးခန်းတွင် ပြုလုပ်ရာ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးချိုက စုပေါင်းဝင်ငွေခွန်နှင့် စာရင်းစစ်ကြေးများကို မြို့နယ်အခွန် ဦးစီးမှူး ဦးတင်ဝင်းသို့ ပေးအပ်စဉ်။ (၂၈၃)

မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မြဝတီ ဇွန် ၁၂

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင် လှူဒါန်းမှုဖြင့် ကျပ် ၆၈ သိန်းတန် ရေဂါလန် ၁၂၀၀ ဆံ့ ဟီးနိုးရိန်းဂျားအမျိုးအစား မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

လွှဲပြောင်း

အစီအစဉ်အရ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးက ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလှိုင်သို့ မီးသတ်ကားကို လွှဲပြောင်းပေးအပ်ပြီး **(အပေါ်ပုံ)** ဆက်လက်၍ ပြည်နယ်ဦးစီးဌာနမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက မီးသတ်ကား၏ စွမ်းဆောင်ရည်သရုပ်ပြမှုကို ကြည့်ရှုကြသည်။ **(ခရိုင်ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုး

မုဒုံ ဇွန် ၂၉

မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၂၅ရက်တွင် မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြို့နယ်၊ ရပ်ကွက်၊ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ မုဒုံမြို့ ရွှေဟသာဂေါက်ကွင်း၌ သစ်ပင်မျိုးစုံ ၁၅၀၀စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ်ဥက္ကဋ္ဌဦးသိန်းဝင်း ဦးဆောင်၍ သံဖြူဇရပ်မြို့နယ်ဝဲရက်ကျေးရွာအုပ်စု ဝယ်သွန်ချောင်ကျေးရွာအနီး လမ်းဘေးဝဲယာနှင့် ဘုရားရင်ပြင် ပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်မျိုးစုံ ၂၀၀၀ကျော် စုပေါင်းစိုက်ပျိုးကြသည်။ **(က-ပ)**

လှူထုအတွင်း ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းဖွင့်

မော်လမြိုင် ဇွန် ၂၈

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်းရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းအမှတ်စဉ်(၆/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက်က မော်လမြိုင်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က အမှာစကားပြောကြားပြီး သင်တန်းသားအိပ်ဆောင်များ၊ စားသောက်ခန်းများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကြောင်းသိရသည်။ **(၁၆၈)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၆-၇-၂၀၀၄ (အင်္ဂါနေ့)

- Introducing Sociolinguistics (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- Stylistics (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- Stylistics (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- Stylistics (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- A Survey of Literary Theories (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- Teaching Drama (1) + (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၈-၇-၂၀၀၄ (ကြာသပတေးနေ့)

- A Survey of Literary Theories (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- A Survey of Literary Theories (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- Teaching Drama (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၉-၇-၂၀၀၄ (သောကြာနေ့)

- Teaching Short Story (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- Teaching short Story (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- English Language Teaching Methodology (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

နံနက် ၉:၀၀ မှ ညနေ ၄ နာရီအထိ

၁၀-၇-၂၀၀၄ (စနေနေ့)

- အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၁-၇-၂၀၀၄ (တနင်္ဂနွေနေ့)

- အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၁၉ရက်က ချောက်မြို့ မိုလာကျေးရွာမြေကွက်တွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ အတွင်းရေးမှူး ဦးအေးဟန်၊ နာယက ဒေါ်မာမာအေး၊ ဥက္ကဋ္ဌ ဒေါ်အေးမြင့်ကြည်နှင့်အဖွဲ့ဝင်များ မြို့ပေါ် ၁၅ ရပ်ကွက်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက သစ်ဆိမ့်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

၂၀၀၄ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင် စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယ စာမေးပွဲ၌ ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ အနက် သုံးကျမ်းပြီး ၂၄၉ ပါး၊ နှစ်ကျမ်းပြီး ၂၅၃ ပါး၊ တစ်ကျမ်း ပြီး ၃၃၇ပါး၊ မြန်မာဂုဏ်ထူး ငါးပါး၊ ပါဠိဂုဏ်ထူး ငါးပါး အောင်မြင်တော်မူကြသည်။

၂၀၀၄ ခုနှစ် ပထမပြန် အထူး အောင်ရွေးချယ်ရေး စာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါးနှင့် ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်။

အထူးအောင်ပုဂ္ဂိုလ်များမှာ ဓမ္မာ စရိယတန်း၌ ပထမခံ့ အမှတ်(ဗ–က၂၅၈) ဦးရေဝတ (အဂ္ဂမဟာအကျော်) ဣန္ဒာသယ ပရိယတ္တိစာသင်တိုက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့။ ဒုတိယ ခုံအမှတ်(ဗ–ခ၂၃၅)အရှင်အဂ္ဂဓမ္မမစိုးရိမ် တိုက်သစ် ဓမ္မပါလကျောင်း မဟာအောင်မြေ မြို့နယ် မန္တလေးမြို့နှင့် တတိယ ခုံအမှတ် (ဆ–၂၉၈)ဥုးဝိဇ္ဇောဘာသ ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့တို့ ဖြစ်သည်။

ပထမကြီးတန်းတွင်ပထမ ခုံအမှတ်(ဗဟ–၁၈၆) အရှင်စန္ဒာဝရ (ပထမကျော်) ညောင်တုန်းကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဒုတိယ ခုံအမှတ်(ဗဟ–၁၇၉) အရှင် ဝိဇ္ဇာ နန္ဒာလင်္ကာရ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ တတိယခုံအမှတ်(မုံ–၁၁)အရှင် ဉာဏိဿရမဟာဇောတိကာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက် မုံရွာမြို့နှင့် သီလရှင်ပထမ ခုံအမှတ် (လင်း–၃၄) မရူပဝတီ ဓမ္မဒူတတောရကျောင်းတိုက် တောင်စွန်း ဘီလင်းမြို့တို့ ဖြစ်သည်။

ပထမလတ်တန်းတွင် ပထမ ခုံအမှတ် (စက–၆၁) အရှင်ဓမ္မဓရော လင်္ကာရ မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ ဒုတိယ ခုံအမှတ် (ဗဟ–၃၀၆)အရှင်ဥက္ကဋ္ဌ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ တတိယခုံအမှတ် (မော်–၂၇၃)ရှင်အဂ္ဂဉာဏ ဆင်ဖြူစာသင်တိုက် မော်လမြိုင် မြို့နှင့် သီလရှင် ပထမ ခုံအမှတ် (ဗဟ–၃၈၃)မမ နောဟရာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ရန်ကုန်မြို့ တို့ ဖြစ်သည်။ ပထမငယ်တန်းတွင် ပထမခုံအမှတ် (မုံ–၇) အရှင်ဝေပုလ္လမဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်း တိုက် မုံရွာမြို့၊ ဒုတိယ ခုံအမှတ် (ကွေး–၂၂၀) ရှင်ပဏ္ဍိစ္စ အောင်မြေ ရတနာကျောင်းတိုက် မကွေးမြို့၊ တတိယ ခုံအမှတ်(မုံ–၅၀၇)ရှင်သီလာစာရ အုတ်ကန်တောရ စာသင်တိုက် မုံရွာမြို့၊ သီလရှင် ပထမခုံအမှတ်(လင်း–၆၄)မဆေ ကဝတီ ဓမ္မဒူတတောရကျောင်းတိုက် တောင်စွန်း ဘီလင်းမြို့တို့ ဖြစ်သည်။ ယခုနှစ် ဓမ္မာစရိယ စာမေးပွဲ အောင်စာရင်းနှင့် ပထမပြန် အထူးအောင်စာမေးပွဲ အောင်စာရင်းများကို ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့ရုံးများ၌ လည်းကောင်း၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရွှေနံ့သာ စံပြသမဝါယမအသင်း လီမိတက်အရောင်းဆိုင် ဖွင့်ပွဲကို ဇွန်၂၈ရက်ကကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရွှေနံ့သာ စံပြသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးတင်ရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးတို့အား ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချရေး မှာကြားစဉ်။ (ဝ၄၆)

ဓမ္မဗိမာန်ဓမ္မာစရိယသင်တန်း ဓမ္မဒါနအဖြစ် ပို့ချပေးမည်

ရန်ကုန် ဇူလိုင် ၄

ဓမ္မဗိမာန်ဆရာတော် ဘဒ္ဒန္တ သာသနဝရ၏ ဦးဆောင်မှုဖြင့် ဓမ္မာစရိယသင်တန်းကို ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အဘယာရာမတိုက် စိန်ရတနာကျောင်းတွင် ဓမ္မဗိမာန်ဆရာတော် ဘဒ္ဒန္တ သာသနဝရ(ဓမ္မာစရိယ M.A) (သီရိလင်္ကာ)က ပါရာဇိကဏ်အဋ္ဌကထာကိုလည်းကောင်း၊ ဆရာဦးထွန်းဦး (မဟာဓမ္မာစရိယ၊ M.A ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)က သီလက္ခန်အဋ္ဌကထာကိုလည်းကောင်း၊ ဆရာ ဦးသူရ (ပထမကျော်၊ ကျော်လေးကျော်၊ သာသနဓဇ ဓမ္မာစရိယ၊ ပိဋကတ္တယကောဝိဒ)က အဋ္ဌသာလိနီ အဋ္ဌကထာကိုလည်းကောင်း ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် (၂–၈–၂၀၀၄) ရက် မွန်းလွဲ ၁ နာရီမှစ၍ ဓမ္မဒါနအဖြစ် သင်ကြားပို့ချပေးမည် ဖြစ်ပသည်။

စာရင်းပေးသွင်းနိုင်

တက်ရောက်လိုသော သံဃာတော်အရှင်သူမြတ်တို့သည် ဓမ္မဗိမာန် အမှတ် ၆၀၆၊ ဒုတိယထပ်၊ ၅ လမ်းနှင့် ၆ လမ်းကြား၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း–၂၁၁၃၅၉၊ ၂၂၅၉၀၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ နေရာအခက်အခဲရှိပါသဖြင့် သင်တန်းသားဦးရေကန့်သတ်ထားပါသည်။ **(က–ပ)**

အမျိုးသမီးကလေးများသင်တန်းကျောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးဌာန၏ နိုင်ငံသားစိစစ်ရေးကတ်ပြားစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်သည့်အခမ်းအနားကို မရမ်းကုန်းမြို့နယ် မေခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများသင်တန်းကျောင်း ကျောင်းခန်းမ၌ ဇွန်၃၀ ရက်နံနက်၁၀နာရီကကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုသန်း၊ ဒုတိယညွှန်ကြားရေးမှူးဦးစိန်ဝင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်နှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်လှိုင်နှင့် ဆရာမများတက်ရောက်ကြပြီး တိုင်းညွှန်ကြားရေးမှူးဦးတင်အောင်နှင့် ခရိုင်ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ ကျောင်းသူကလေးများက လက်ခံရယူသည်။ **(၄၂၁)**

ဇွန် ၂၄ရက်က ဒဂုံဆိပ်ကမ်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ယုဇနဥယျာဉ်မြို့တော် အလက(၂)၊အထက(ခွဲ)ကျောင်း ယုဇနခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့် ဟောပြောစဉ်။ (က–ပ)

ဇွန် ၂၈ ရက်က မင်္ဂလာဒုံမြို့နယ် နှယ်ခွေစံပြကျေးရွာတွင် ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဆွေဆွေသန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၉၈)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်) လူမှုထူးချွန်ဆု (တတိယဆင့်၊ ပထမဆင့်) သည် အမှတ်(၂)ခုတင်(၅၀၀)ဆံ့ တပ်မတော်ဆေးရုံတွင် ဇူလိုင် ၂ ရက်က (၉၈) ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ **(ဝဲပုံ) (က–ပ)**

သုဝဏ္ဏမြို့နယ် အား/ကာ အိမ်ရာဝင်းတိုက်(၁)အခန်း(၈)နေ မိခင်ကြီး ဒေါ်ခင်မြမြအားအမှူးထား၍ ဦးမျိုးအောင်–ဒေါ်ခင်မာမြင့် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လာရောက်လှူဒါန်းရာဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံယူစဉ်။ (က–ပ)

ဇွန် ၂၄ ရက်က ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် မဟာမြင့်မိုရ်လမ်းရှိ အမက(၈) မူလတန်း ကျောင်းသူကျောင်းသားများကို အိုဗာတင်းကုမ္ပဏီက အာဟာရ တိုက်ကျွေးစဉ်။ (က–ပ)

အရိပ်ရပင်စိုက်ပျိုး

ဇွန် ၂၇ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စိမ်းလန်းစိုပြည်ရေး စီမံချက်အဖြစ် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) စီးပွားရေးဖွံ့ဖြိုးမှုဇုန်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများက အရိပ်ရပင် ၃၀၀ ကျော်ကို အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) စီးပွားရေးဖွံ့ဖြိုးမှုဇုန်တွင် စိုက်ပျိုးကြစဉ်။ (က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အင်းတော်မြို့၊ အောင်ချမ်းသာရပ်နေ
ဦးစိုးရွှေ-ဒေါ်ယဉ်ဖိန်း (O.K ရောင်းဝယ်ရေး)တို့၏ သားကြီး
မောင်အောင်ကိုဦး
[နောက်ဆုံးနှစ် အပိုင်း(ခ) ဆေးတက္ကသိုလ်-မန္တလေး] နှင့်
တောင်ကြီးမြို့ ရေအေးကွင်းရပ်နေ
ဦးမောင်မောင်လှ (လျှပ်စစ်ယာဉ်စက်ဌာနမှူး၊ Ruby Dragon Co., Ltd.)- ဒေါ်ယဉ်ယဉ်မြ (စာရင်းစစ်မှူး၊ရှမ်းပြည်နယ်စာရင်းရုံး)တို့၏သမီး
ဒေါက်တာသဇင်အောင် (အလုပ်သင်ဆရာဝန် စဝ်စံထွန်းဆေးရုံကြီး)
တို့သည် ၃၀-၆-၂၀၀၄ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကိုဦး-ဒေါက်တာသဇင်အောင်။





စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်း အဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

အမည်ပြောင်း

ဦးဝင်းမောင်၏သား အထက(၅) မ/ဥက္ကလာ နဝမတန်း(F)မှ မောင်အာကာအား မောင်အာကာဝင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အာကာဝင်းမောင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၂၈/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်-

စဉ်	ဌာန	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်	- လက်ထောက်မော်ကွန်းထိန်း	တက္ကသိုလ်တစ်ခုခုမှဘွဲ့ (အမျိုးသား)	၁ နေရာ
(ခ)	လေကြောင်းပို့ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန	- လက်ထောက်အင်ဂျင်နီယာ (ဆက်သွယ်)	အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ (အမျိုးသား)	၂ နေရာ
		- လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	၂ နေရာ
		- လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ (အမျိုးသား)	၂ နေရာ
		- လက်ထောက်အင်ဂျင်နီယာ(စက်မှု)	စက်မှုအင်ဂျင်နီယာဘွဲ့ (အမျိုးသား)	၆ နေရာ
		- စာရင်းစစ်အရာရှိ	ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ	၁ နေရာ
		- ဦးစီးအရာရှိ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	၂ နေရာ
(ဂ)	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး	- လက်ထောက်မန်နေဂျာ	တက္ကသိုလ်တစ်ခုခုမှဘွဲ့	၃၅ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၆-၇-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) လက်ထောက်မော်ကွန်းထိန်း၊ လက်ထောက်အင်ဂျင်နီယာ (ဆက်သွယ်)၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးများအတွက် လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၇-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/- ကို သီးခြားပေးသွင်းပြီး၊ ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင်** ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၇-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၂-၈-၂၀၀၄နေ့နှင့် ၂၃-၈-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၉-၈-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင်ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၁၁)၊ ဦးပိုင်အမှတ် (၂၉-ဇ) ဂရန်မြေကွက်အား ဦးအောင်ငြိမ်းပါ(၂) မှတ်ပုံတင်အမှတ် ၅/ထခန (နိုင်) ၀၀၇၄၄၂ မှ အမှုတွဲအမှတ် ၀၄၅၈/၂၀၀၄-၂၀၀၅ ဖြင့် မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်
သာယာရေးကော်မတီ။

စာပေညီလာခံအတွေ့အကြုံ တောင်ငူ၌ ရှင်းလင်း

တောင်ငူ ဇူလိုင် ၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဇွန်၂၆ရက်က တောင်ငူမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဦးမြင့်သိန်း(ပျဉ်းမနား-မောင်သိမ်မွေ့)က ဆောင်ရွက်ပြီး သဘာပတိဦးကျော်လှ(သတင်းထောက်)က အမှာစကား ပြောကြားသည်။**(ယာပုံ)**

ရှင်းလင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ အတွေ့အကြုံများကို မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးအောင်လင်း(သတင်းထောက်)က ရှင်းလင်းပြောကြားသည်။

(၃၀၃)

ဆောင်ရွက်

ချင်းပြည်နယ် ထန်တလန်မြို့သာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းနှင့် အောင်သပြေလမ်းဆုံ လမ်းလယ်ပန်းစိုက်ခုံတွင် ပန်းအလှပင်များ စိုက်ပျိုးပြုပြင်ခြင်းကို မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်လွင်ဦးနှင့်ဝန်ထမ်းများ ဇွန်၂၁ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၆-၇-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (အရည်အသွေးမြင့် ခေါင်းလျှော်ရည် ထုတ်လုပ်မှုအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(နန်းတော်ရှေ့၏ ဇာတိမာန်တေး-နိုင်ဝေ)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (တိုင်းကျိုးပြည်ပြု နှုတ်မှုလက်မှု အတတ်စုနှင့် အတွေးအမြင်- ညွှန့်ဟံ-ကြူတော)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ကြေးကွဲသီလ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (မြန်မာ့ဆင်-ခိုင်ခိုင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဥ္စမတန်း-သမိုင်း)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (အစွမ်းထက်သောကွမ်းရွက်)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးသတိအမြဲရှိ-ဦးဥာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်စပါးလင်)
၂၀း၃၀ ကလေးများအတွက်တေးသီချင်းများ

ဇွန် ၂၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင် ရွက် မည့် ကျောင်းကုန်း၊ ကိုင်း တာ ကျေးလက် လမ်း ကို ကျောက်ချောခင်းရန် ကျောက်များစုဆောင်းမှု အခြေအနေကို ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထိုက်တို့က ရှင်းလင်းပြသကြစဉ်။ (၂၆၅)

ဖွင့်လှစ်

ဇွန် ၂၂ရက်က အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်းဝလမ်းအပိုင်း(၃)ကျောက်ချောလမ်းဖွင့်ပွဲကို အုတ်တွင်းမြို့ ကြက်သွန်ခင်း(၂)ရပ်ကွက် အင်းဝလမ်းထိပ်မင်္ဂလာမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးငွေစန်းနှင့်အမှုဆောင်အရာရှိဦးသန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်
ပထမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ် ပညာရေးအဖွဲ့မှကြီးမှူးကျင်းပခဲ့သည့် အောက်ဖော်ပြပါ သင်တန်းသားများ၏ (ဘွဲ့/ဒီပလိုမာ)စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်၏ ပထမအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက် ဘွဲ့ယူရန်အတွက် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂ ရက်မှ ဇူလိုင်လ ၂၉ရက် အထိ လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တတိယနှစ် (၁၉၉၇ အပထ အောင်) ဘွဲ့စာမေးပွဲကို အောင်မြင်ပြီးသူများ (နောက်ဆက်တွဲ စာမေးပွဲ အောင်မြင်ပြီးသူများ အပါအဝင်)

(ခ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ တတိယနှစ် (၁၉၉၈ အပထ အောင်) ဘွဲ့စာမေးပွဲကို အောင်မြင်ပြီးသူများ (နောက်ဆက်တွဲ စာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)

(ဂ) ၁၉၉၇-၁၉၉၈ ပညာသင်နှစ်မှ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်အထိ (ဘွဲ့လွန်ဒီပလိုမာ အချိန်ပြည့်သင်တန်း) စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ၂၀၀၂ ပညာသင်နှစ်နှင့် ၂၀၀၃ပညာသင်နှစ်တို့တွင် (ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်း)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

၂။ လျှောက်ထားသူများသည် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂လက်မ X ၁လက်မခွဲ) အရွယ်ဓာတ်ပုံ (၄)ပုံ ပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)ဖြစ်ပြီး အဝေးရောက်ဘွဲ့ ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၅။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ **အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံ**တို့ကို တိကျစွာ ဖော်ပြရပါမည်။ **(ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

စိန်ဝင်း
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်။

ဝမ်းမြောက်ဂုဏ်ပြုခြင်း



မြန်မာ့ဟာ့ဒ်ဒစ်(စ်)ဒရိုက်ဗ်လီမိတက် (MMDDL)၏ ကျပ်သိန်း(၁၀၀)မဟာကံထူးရှင်ဆုမဲအစီအစဉ်...

MGHL - ၀၀၃၇၅

မြန်မာမဟာဒီဗီဒီဗီဒီယိုလီမိတက် (MMDDL)မိသားစု။

Hepta digital art
ကွန်ပျူတာအနုပညာ ဖန်တီးမှုသင်တန်း
Sat-Sun / 9:00-3:00
start-10th july(3 months)

Scaffolder သင်တန်း

အမည်မှန်
အထက(၅)ဗိုလ်တထောင် ဒသမတန်း(D)မှ အဖ ဦးစောနေဝင်း၏ သား မောင်စိုးကျော်သီဟထွဋ်၏ အမည်မှန်မှာ ၁၂/ဗတထ (နိုင်) ဝ၃၇ဝ၇၆ အရ မောင်စိုင်းကျော် သီဟထွဋ် ဖြစ်ပါသည်။
မောင်စိုင်းကျော်သီဟထွဋ်။

အမည်ပြောင်း
အထက(၁) ကမာရွတ် ဒသမတန်း(A) မှ ဦးမြင့်ဦး၏သမီး မရွှေဇင်ဦးအား မရွှေစင်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေစင်မြတ်။**

သွာနုတ္တသမီးများအဖြစ်သတ်မှတ်ပြီး အမွေခံစားခွင့်မရှိကြောင်း ကြေညာချက်

ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက် ကွမ်းခြံ(၃)လမ်း၊ အမှတ်(၁၅)နေ ဦးခင်မောင်မြင့်-ဒေါ်ခင်စီ(ကွယ်လွန်)တို့၏သမီးများဖြစ်ကြသော မတင်တင်ဝင်း ၁၂/ကမရ(နိုင်) ဝ၃၆၆ဝ၃ နှင့် မညွှန့်ညွှန့်စီ ၁၂/ကမရ(နိုင်) ဝ၅ဝဝ၁၉ တို့နှစ်ဦးသည် မိခင်ဒေါ်ခင်စီ (၂၂-၃-၂၀၀၄) ရက် မကွယ်လွန်မီကတည်းက မိဘနှစ်ပါးအပေါ် ရိုင်းပျစွာဆက်ဆံခြင်း၊ မိဘနှစ်ပါးအရှက်ရစေသော အပြုအမူများ ပြုမူခြင်း၊ မိဘနှစ်ပါး စိတ်ဒုက္ခအမျိုးမျိုးခံစားရအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ၎င်းတို့နှစ်ဦးသည် ၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ သွာနုတ္တသမီးများဖြစ်ကြောင်းနှင့် မိဘနှစ်ပါး၏အမွေ လုံးဝမခံစားထိုက်သူများ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့်၏ညွှန်ကြားချက်အရ-
ဦးညွန့်တင် B.A, LL.B တရားရုံးချုပ်ရှေ့နေ
အမှတ် ၈၈၉၊ ၁-လမ်း(မြောက်)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အမှတ်-၉၀ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့
ph;-(951)578470,571038.Fax;(951)578472
E-mail-mpe.myr@mptmail.net.mm,www.myanmarpearl.com

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၅ ရက်

ပြည်တွင်းပုလဲရောင်းချပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို နိုင်ငံသားများအား ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်/ဈေးပြိုင် စနစ်များဖြင့် ရောင်းချမည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က) ပုလဲများကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ဒါများပေးသွင်းခြင်း	-၂၀၀၄ခုနှစ် ဇူလိုင်လ ၇ရက်မှ ၈ရက်ထိ (၁၀း၀၀)နာရီမှ (၁၆း၀၀)နာရီထိ
(ခ) တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း	-၂၀၀၄ခုနှစ် ဇူလိုင်လ ၉ရက် နံနက် (၁၀း၀၀)နာရီ
(ဂ) ပုလဲရောင်းချပွဲကျင်းပမည့်နေရာ	-သီရိရတနာခန်းမ၊ သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ် ၉၀၊ ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့
(ဃ) အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်	-၅၆၂၃၅၈၊ ၅၇၁ဝ၃၈၊ ၅၇၈၄၇ဝ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း
ဦးလေးမြင့် အသက်(၇၁)နှစ်
ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

ဆရာကြီး ၁-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ရန်ကုန်အဝေးသင်တက္ကသိုလ်မိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးအောင်သန်း
ခနဗလ (ဂျိုဝါ)ဆန်စက်ပိုင်ရှင် (ဖျာပုံ)
အသက် (၆၁)နှစ်

ဖျာပုံမြို့ အမှတ် ၄၅ ချောင်းတွင်းလမ်းမကြီးနေ ခနဗလ(ဂျိုဝါ) ဆန်စက်ပိုင်ရှင်၊ ဥက္ကဋ္ဌဖျာပုံခရိုင်ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဇင်ဘောင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၊ ဦးအောင်သန်း (၆၁)နှစ်သည် ၃၀-၆-၂၀၀၄ရက် ဗုဒ္ဓဟူးနေ့တွင် ကွယ်လွန်ပြီး ၂-၇-၂၀၀၄ရက် (သောကြာနေ့)တွင် ဖျာပုံမြို့ လိပ်ဥကုန်း သုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်ပြီးပါကြောင်းနှင့် လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ပြီး သုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြသည့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ လေးမြို့နယ်မှ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဇင်ဘောင်ကုမ္ပဏီလီမိတက်မှ အတွင်းရေးမှူးနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖျာပုံမြို့ ကျားပိုက် ကမ်းနီး၊ကမ်းဝေး လုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ အစည်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မြို့မိမြို့ဖများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်
ယုဇနပလာဇာ မြေညီထပ်(J-၂၅) ဆိုင်ခန်းနှင့် ပတ်သက်သော စာချုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၅၄ဝ၂၉၃။

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၁ခ/၈၃ဝ၈ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။
ကညန(ရန်ကုန်တိုင်း)။

ဒေါ်ကြင်ပြုံး (ကွမ်းခြံကုန်း)
အသက်(၉၇)နှစ်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် ၆၆ နေ (ဦးမောင်ညွန့်)၏ဇနီး၊ ဦးကျော်လှိုင်-(ဒေါ်မြသန်း)ဒေါ်ပြုံး၊ ဦးကျော်မြိုင်-ဒေါ်အေးအေး(ခေတ္တ-USA)၊ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး၊ Golden Beach Hotel Chaung Tha)-ဒေါ်ခင်ခင်အေး(ရှေ့ဆောင်ပုံနှိပ်တိုက်)၊ ဦးကျော်စွာ(Computer)-ဒေါ်မြမြသွင် (အထပြငြိမ်း)(ခေတ္တ-USA)တို့၏မိခင်၊ ဦးအောင်ကျော်ဦး-မဂီ(Artman Co., Ltd. & Idea Co.,Ltd.)၊ ဒေါက်တာအောင်ကျော်ထူး(Kaiser Permante, Bakers Field)၊ ဦးအောင်ကျော်ဖြိုး-မတယ်မီ(San Jose)၊ မောင်အောင်ကျော်ကျော်(ဆေး-၁)၊ မောင်ဖြိုးဝေခိုင်(UC Berkeley)၊မောင်တေဇာခိုင်၊မောင်ထိန်လင်းခိုင်၊မောင်ထိန်ဝင်းခိုင်၊ မြေး ၁၁ ယောက်၊ မြစ်င်းယောက်တို့၏ ဘွားဘွားကြီးသည် ၃-၇-၂၀၀၄ရက် ညနေ ၅:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးတရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများနံနက်၉နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဦးစောဖေ (မြိတ်)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့်ဘုန်းကြီးလမ်းထောင့်၊ အမှတ် ၅၁၆/၅၁၈(ခုနစ်လွှာ)နေ (ဒေါ်ကြင်မေ)၊ (ဦးသံလုံ-ဒေါ်ခင်)တို့၏သားကြီး၊ (ဦးဟေးရား-ဒေါ်ဖွားမေ)တို့၏သားသမက်၊ (ဒေါ်ကြင်မြိုင်)၏ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာစိုးမောင်(ငြိမ်း၊ အကြော့အဆစ်)၊ ဦးဖေသန်း(ငြိမ်း၊ လယ်/ရှင်း)-ဒေါ်ယုတင်၊ ဒေါက်တာဖေဝင်း-ဒေါ်တင်တင်အုံး (ငြိမ်း၊ ဗဟိုသုတေသန)၊ (ဦးညွန့်ရင်)၊ ဦးသန်းဇော်-ဒေါ်တင်တင်ဌေး (ဖြိုးမောက်ကုမ္ပဏီ)၊ ဒေါ်ရီရီဌေး (ငြိမ်း၊ အထပြ၊ ထ-၁၊ လမ်းမတော်)၊ ဒေါက်တာကျော်ဆန်း(အရိုးအထူးကုဆရာဝန်ကြီး၊ မြိတ်ဆေးရုံ)-ဒေါ်မာလာဆွေ၊ ဦးသိန်းထွေး-ဒေါ်အေးအေးသီ၊ ဦးဝင်းထိန်-ဒေါ်အေးအေးယု(Power Wing Co., Ltd.)တို့၏ ကျေးဇူးရှင် မွေးဖခင်သည် ၃-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၆:၁၀ နာရီတွင် ဗဟိုရိစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅-၇-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်နှင့်မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန် (မုဒုံ) (မြမြဝင်းပုံနှိပ်တိုက်)
အသက်(၈၀)

ရန်ကုန်မြို့၊အလုံမြို့နယ်၊အောက်ကြည့်မြင်တိုင်လမ်း၊အမှတ် ၃၁၁/၃၁၃ နေ [ဦးလူရှိန်-ဒေါ်ထွန်းမေ(ခ)ဒေါ်ကွန်နွတ်]တို့၏သမီး၊ (ဦးထွန်းအောင်-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ (ဦးသန်းညွန့်-ပညာတန်ဆောင်)၏ဇနီး၊ ဒေါက်တာမေစီ-ဦးအာယု (သီရိဇေယျ သကြားစက်၊မန္တလေး)၊ ဒေါက်တာကျော်မြင့်ဦး-ဒေါ်ရွှေစင်ထွေး၊ ဒေါ်ကြည်ကြည်ညွန့်(အထက်တန်းပြ၊ အထက-၄၊ အလုံ)-ဦးလှအောင်[လက်ထောက်အင်ဂျင်နီယာချုပ်(မြို့ပြ)မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း]၊ ဦးမျိုးမြင့်(ပညာတန်ဆောင်)-ဒေါ်စန်းစန်းဝင်း(အထက-၄၊ အလုံ၊ ငြိမ်း)၊ ဒေါ်အိ(ကထိက၊ သချာင်္ဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)-ဦးစိုးတင့် (ဒုတိယညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန)၊ ဒေါက်တာအောင်မြင့်ဦး (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်မိတင်တင်စိုးအေး (ကထိက/ဌာနမှူး၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏မိခင်၊ ဒေါက်တာသုဝဏ်(အလုပ်သင်ဆရာဝန်၊ မန္တလေးဆေးရုံကြီး)၊ မောင်မင်းဇော်ထွဋ်(ခေတ္တ-စင်ကာပူ)၊ မပန်းဖြူ(2nd MB,I.M.M)၊ ဗိုလ်လောင်းပြည့်ဖြိုးအောင်(2nd MB တပ်မတော်ဆေးတက္ကသိုလ်)၊ မအေးဆုမြတ်သွယ်(ပထမနှစ်၊ကွန်ပျူတာတက္ကသိုလ်)၊ မဖြူထွေး(အထက-၁၆၊ မန္တလေး)၊ မင်းချမ်းမွန်ညိမ်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မလဲ့ရည်မျိုး (X-A၊ အထက-၄၊ အလုံ)၊ မိသက်ငုံဦး(VII-I ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မောင်သက်ထွန်းအောင် (VII-Iပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း)တို့၏ဘွားဘွားကြီးသည် ၃-၇-၂၀၀၄ရက်(စနေနေ့) နံနက် ၇:၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၁၂:၁၅နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမ
ဒေါ်ကျင်စွမ်(ခ)ဒေါ်ရင်ရင်
(ပဒေသာရပ်ရှင်)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၁၀ နေ (ဦးစံရ-ဒေါ်ကြွေ)တို့၏သမီး၊ (ဦးထွန်းလင်း)၏ဇနီး၊ ဒေါ်ကျင်အေး (ဦးကျင်သိန်း)တို့၏ညီမ၊ ဦးမြတ်စံ-ဒေါ်တုတ်တုတ်တို့၏ အစ်မ၊ ဒေါ်သန်းသန်းညွန့် - (ဦးတင်ထွေး)၊ ဒေါ်သန်းသန်းဌေး-ဦးတင်မိုး၊ ဒေါ်စောမြသန္တာ(ခ)ဒေါ်စန်းစန်းတင့်(ရုပ်ရှင်အနုပညာရှင်)-ဦးမောင်မောင်(ဥက္ကဋ္ဌ၊ Asia Express Ygn Co., Ltd.)တို့၏ မိခင်၊သူရိန်တင်ထွေး၊ ဇော်ရဲမြင့်၊ ကဠနာမြတ်မြတ်ထွေး၊ ကလျာမြတ်မြတ်ထွေး၊ မြင့်မိုရ်မောင်တို့၏အဘွားသည် ၃-၇-၂၀၀၄ရက် နံနက် ၀၀:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၀၄ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကားများ (၁) အမှတ် ၉၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ (၂)အမှတ် ၂၇၃၊ ပန်းဆိုးတန်း၊ ပဒေသာရုပ်ရှင်၊ (၃)အမှတ်၁၆၆၊ ဗိုလ်ချုပ်လမ်းနှင့် (၄) အမှတ်၁၁၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး နေအိမ်ရှေ့များမှ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်စန်းတီ
(ခေတ်သစ်ကဖီး၊မြေနီကုန်း)
အသက်(၇၄)နှစ်

အမှတ် ၂၆၅၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့နေ [ဦးစိန်(ခ)ဦးအိကြောင်]၏ဇနီး၊ ဦးဝင်းစိန် - ဒေါ်စန်းစန်းကြူ၊ ဒေါ်ဝင်းကြည် (ရွှေနန်းရောင်းဝယ်ရေး၊ ညောင်ပင်လေးဈေး)၊ ဦးအေးအေး-ဒေါ်မြဝင်း(ပြည့်ဝကျော် ဆီဆိုင်)၊ ဒေါ်စန်းဝေ၊ ဦးမောင်မောင်-ဒေါ်မေဖွားတို့၏မိခင်၊ မောင်ရဲမျိုးမင်း၊ မအေးအေးခိုင်၊ မောင်သာထက်၊ မအေးအေးအောင် (အထက-၁၊ဒဂုံ)၊ မောင်အောင်မျိုးမင်း (အထက-၁၊ဒဂုံ)၊ မလှမျိုးစု၊ မဖြူနှင်းသော်၊မောင်အောင်ကိုသက်တို့၏အဘွားသည် ၃-၇-၂၀၀၄ရက် ညနေ ၃:၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအုန်းကြိုင် (ဓနုဖြူ၊ကျုံတနီး)
အသက်(၇၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၇၈(ဒီ) နေ (ဦးမောင်မှတ်-ဒေါ်ထွေးတင်)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်ခင်တင့်)တို့၏သားသမက်၊ဦးကုန္ဒာသဘ၊ဦးဝဇိရဉာဏတို့၏ခမည်းတော်၊ (ဦးခင်အေး-ဒေါ်ခင်ဥ)တို့၏ညီ၊ ဦးကြည်မြင့်-ဒေါ်အေးအေးကြူတို့၏အစ်ကို၊ ဒေါ်ခင်သိန်း(မိသားစုဆေးဆိုင်လုပ်ငန်း)၏ ခင်ပွန်း၊ ဒေါ်ခင်စန်းမြင့်၊ ဦးသန်းလွင်-ဒေါ်မြတ်မြတ်ဦး၊ ဦးခင်မောင်လွင်-ဒေါ်ခင်ချိုချို၊ ဦးတင်ဌေးအောင်(စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်တင်တင်ခိုင်၊ ဦးစိုးနိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်စိန်စိန်ရီ(ခ)ဒေါ်ခင်မမ
(ဗန်းမော်မြို့)
အသက် (၆၁)နှစ်

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက် (ဆရာဝန်ဦးကိုကြီး-ဒေါ်လှကြည်)တို့၏ သမီးထွေး၊ တောင်တွင်းကြီးမြို့နေ (ဦးကောက်-ဒေါ်ခင်မေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၀၊အခန်း၂၀နေ (ဗိုလ်မှူးခင်မောင်ထွေး၊တပ်မတော်-လေ)၏ဇနီး၊ ဒေါ်ခင်ဥမ္မာထွေး၊ဦးဝဏ္ဏထွေး(အကောက်ခွန်)-ဒေါ်ခင်သီတာဌေး၊ ဒေါ်ခင်သဇင်ထွေး-ဦးမျိုးမင်းသန့်(အောင်ကျော်မင်း လျှပ်စစ်နှင့်စတိုး)၊ဒေါ်ခင်စန္ဒီထွေး-ဦးသိန်းလွင် (Thai Sawat Co.)တို့၏မိခင်၊ ရဲသူရမျိုးသန့်၊ အောင်မော်ဟိန်း၊ သက်ထက်အောင်မျိုးသန့်၊ စုလတ်ရတနာ၊ ရွှန်းလဲ့မေလွင်(ခ)ယုကီတို့၏ အဘွားသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆီးနှင့်ကျောက်ကပ်ဌာန၌၄-၇-၂၀၀၄ရက်နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ချိုသာ (စစ်တွေမြို့)
အသက်(၈၇)နှစ်

စစ်တွေမြို့နေ (ဦးလှဘော်-ဒေါ်ညို)တို့၏သမီး၊ (ဦးစံကျော်)၏ ဇနီး၊ ဦးခင်မြင့်-ဒေါ်ဦးခင်ကျော့၊ ဦးမောင်လေး-ဒေါ်ခင်ရီ၊ ဦးဘခင်-ဒေါ်သောင်းတင်၊ ဦးစံလှကျော်-ဒေါ်ခင်စိုး(ခ)စုစုတို့၏ မာမာကြီးသည် အမှတ် ၉၈၊ ငါးလွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ၃-၇- ၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၇- ၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းအမကြီး
ဒေါ်မြတင် (ကြည့်မြင်တိုင်၊ ကမ်းနားဈေး)
အသက်(၇၅)နှစ်

မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ခရေရိပ်သာ၊ ခြံအမှတ်၁၀၁နှင့် ကြည့်မြင်တိုင်မြို့နယ်၊ဌာနာလမ်း၊အမှတ် ၇၀နေ(ဦးမောင်သန်း-ဒေါ်လှရှင်)တို့၏ သမီးကြီး၊ ဒေါ်ခင်ရီ၊ ဒေါ်ငွေရီ(ဆောက်/လျှပ်၊မန်နေဂျာ၊ငြိမ်း)၊ ဒေါ်စိန်ရီ(ကုန်သွယ်လယ်ယာ၊ငြိမ်း)၊ ဒေါ်ကြည်ကြည်၊ ဒေါ်ဝင်းဝင်းခိုင်(လ/ထညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်းဦးစီး)၊ ဦးအောင်ဝင်းမောင် (New Way) တို့၏ အစ်မကြီးသည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက်၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ အမှတ်၇၀၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဇင်လွင် (လတ်လတ်)
B.A (Law), LL.B (တရားရုံးချုပ်ရှေ့နေ)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ သီရိလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ [ဒုတိယဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)]-ဒေါ်ခင်လေးလွင်တို့၏သား၊ ဦးဇော်ဝင်း(Eastwind)၊ ဦးဇော်လွင်(Eastwind)တို့၏ညီ၊ ဒေါက်တာကြွယ်လွင်-ဒေါက်တာတင်နွဲ့ဝင်း၊ ဒေါ်ကျော့ကျော့လွင်[O.EM (M) Co., Ltd.]၊ဒေါ်ဆွေဆွေလွင်[O.EM (M) Co., Ltd.]တို့၏အစ်ကို၊ မောင်ရဲအောင်ပြည့်၊ မောင်ရဲသက်နိုင်၊ မစုစန္ဒာလွင်-မောင်မျိုးမင်းဝင်းတို့၏ဘကြီးသည် ၃-၇-၂၀၀၄ ရက် (စနေနေ့) ညနေ ၄:၄၅ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅-၇-၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တီ (မုဒုံ)
အသက်(၈၉)နှစ်

မုဒုံမြို့၊ ပိန္နဲတိုက်ရပ်နေ(ဦးရွှေဖန်-ဒေါ်နှင်းမြ)တို့၏သမီး၊ (ဦးဘန်ချိန်)၏ဇနီး၊အမှတ်၃၊မွှာရုံလမ်း၊ကန်တော်ကလေး၊ ရန်ကုန်မြို့နေ ဦးအန်းကူ (Ex. R.S.O, MFSL)ဒေါ်ခင်မေဦးတို့၏မိခင်၊ မမိမိစံ-ကိုညီညီစိုး၊ မတင်တင်ဝင်း၊ မမဉ္ဇူ၊ မောင်အောင်မျိုးသန့်၊ မောင်အောင်မြင့်သန့်၊ မမေသူတို့၏ အဘွားသည် ၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ၃:၃၀နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု။

Pu Gin Za Hau(Phaitu)
ဥက္ကဋ္ဌ ဖိုနှစ်ခြင်းအသင်းတော်၊ ရန်ကုန် (ZBCY)
အသက်(၆၆)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဖိုင်တူကျေးရွာနေ Pu, Lun Pau,Pi Siam Za No တို့သားကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ်(၁၁၀/၈)နေ Pi Niang Nuam Mang (ခ) ဒေါ်မန်နိုး၏ခင်ပွန်း၊ Pa Thang Do Pau, Nu Man Zam No, Nu Zeel Lam Cing, Pa Lian Khan Khup, Nu Vung Nuam Niang, Pa Gin Khan Pau,(Tg. Dong Khan Pau), Nu Dong Hau Niang, Pa Suan Khan Gin, Nu Man Lian Vung, Pa Let Suan Pau, Pa Gin Za Thang, Nu Goih Nuam Cing, Nu Zeel Go Niang, Pa Cin Khen Hang, Nu Mang, Lun Cing, Pa Mang Lian Hau(ခ)Rev.မင်းဟောက်(တာချီလိတ်)တို့၏အစ်ကိုကြီး၊ Nu No Kho Dim Pa, Cin En Thang, Pa Pau Lian Mang, Nu Ngai Hau Cing, Pa Pau Lun, Nu Neem Nuam Mang, Pa Pau Thang, Nu Pau En Niang, Tg. Mang Tung Lian, Nu Cing Lun Niang, Pa Mang Thang, Tg. Thang Hau တို့၏ဖခင်၊ Mang Sian Dim, Cing Sian Lun, Hau Khawm Cing၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည်အထက်ပါနေအိမ်၌ ၄-၇-၂၀၀၄ ရက် နံနက် ၇:၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆-၇-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်း ချင်းနှစ်ခြင်းခရစ်ယာန် သာသနာ့ရိပ်သာတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(ပုဇွန်တောင်မြို့နယ်၊ သစ်နီလာမှတ်တိုင်နှင့် လှိုင်သာယာ ၁၆ ရပ်ကွက် ရုံးရှေ့များမှကားများ မွန်းတည့် ၁၂ နာရီတွင် ဘုရားကျောင်းသို့ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုကြီး(ခ)ကျော်ဂျီစိန်ထွန်း
(ကျောက်ဆည်)
အသက်(၈၅)နှစ်

မုံရွာမြို့နေ(ဦးလှနိုင်-ဒေါ်စံတော်မှီ)တို့၏မြေး၊ ရန်ကုန်မြို့နေ (အရေးပိုင်ဦးစိန်ထွန်း - ဒေါ်အုံးရင်)တို့၏ သား၊ (ဦးစိန်ပွင့်-ဒေါ်တင်တင်ကြီး)တို့၏သားသမက်၊ (ဒေါ်ငြိမ်းလှဖြူ)၏ခင်ပွန်း၊ ဒေါ်ခင်ခင်ကြီး(ခ)မေရီစိန်ထွန်း(သမိုင်း၊ ကထိက၊ ငြိမ်း)၏အစ်ကို၊ ဦးဝင်းဖေ၊ ဦးသာဒွေး(လ/ထညွှန်မှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)-ဗိုလ်ခင်စိန်ယဉ်(ငြိမ်း)၊ ဦးဗိုလ်မြင့်(E/E. Monsoon Co., Ltd.)-ဒေါ်လှရီတို့၏ ဖခင်၊ ဗိုလ်ကြီးနေလင်းဒွေး - ဒေါ်ကေသီ၊ ဒေါ်တင်မေလင်း(ခ)နန်းဒေဝီ၊ ဦးဇော်လင်းဒွေး(မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်)၊ မောင်ကောင်းဆက်အောင်တို့၏အဘိုး၊ မောင်ကောင်းနေလင်းခန့်၏အဘေးသည် ၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင်ထားဝယ်ချောင် သုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ဖြူမေ (စစ်တွေ)
အသက်(၈၀)

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ကျေးပင်ကြီးရပ်ကွက်၊ ကုန်သည်လမ်း၊ ကသ(၅၄)နေ (ဦးဒေါင်းလှအောင်)၏ဇနီး၊ (ဦးကျော်သာ)-ဒေါ်ခံသာ၊ (ဦးကျော်ဇော်အောင်-ဒေါ်စံနုဖြူ) တို့၏ အစ်မ၊ ဦးကျော်မြ (ကုန်သည်)-ဒေါ်ချိုချို၊ ဒေါက်တာအောင်ကျော်သိန်း (ပေါက်တောမြို့နယ် ဆရာဝန်)-ဒေါ်စိန်ရွှေ၊ (ဦးမောင်အေးညွှန့်၊ မွေးမြူနည်းပြ)၊ ဒေါ်လှမေ (လေ့ကျင့်ရေးကျောင်း၊ ကျောက်ဖြူ)၊ (ဦးလှထွန်းကျော်၊ လ/ထညွှန်မှူး၊ နယ်စပ်/စည်ပင်၊ ငြိမ်း)- ဒေါ်သန်းရွှေ (ဦးမောင်အေးခင်၊ က-သလယယာ)-ဒေါ်အုန်းမေ၊ဦးကျော်နု(အင်/ယာ၊စစ်တွေ ဆိပ်ကမ်း)-ဒေါ်သိန်းခင်၊ဦးမြသိန်း(ဒုလ/ထ အကောက်ခွန်မှူး၊ နစခ၊ လွယ်ဂျယ်)-ဒေါ်မြင့်မြင့်ရီ၊ မောင်ကျော်မြတ်တို့၏ မိခင်၊ မြေး ၁၈ယောက်တို့၏ အဘောင်ရှင်သည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင်သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၇၈၆(ငါးလွှာ၊ ညာ)၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်၊ တာမွေနေအိမ်မှ ကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်စန်းတီ
အသက် (၇၄)နှစ်

အမှတ် ၂၆၅ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့ (ဦးစိန်(ခ) ဦးအိကြောင်)၏ဇနီး၊ Mr. Jackson-မသီတာ၊ Mr. Choon Seng-မသွယ်သွယ်၊ မောင်အောင်နိုင်ဝင်း-မနန်းကြွယ်၊ မောင်စိုးလင်း-မခိုင်မေလတ်၊ မောင်ငွေစိုးဇင်-မြသန္တာ၊ မသန္တာဝင်း၊ (မစံပယ်ဝင်း)၊ မဖြိုးပပ၊ မဝင်းမာလှိုင်၊ မနှင်းပွင့်လှိုင်၊ မောင်ညီညီထွေးတို့၏အဒေါ်သည် ၃-၇-၂၀၀၄ရက်ညနေ၃:၃၀နာရီတွင်ကွယ်လွန်သွားပါကြောင်း။ကျန်ရစ်သူတူတူမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဥ (သုံးဆယ်မြို့)
အသက်(၈၈)နှစ်

သာယာဝတီခရိုင်၊ သုံးဆယ်မြို့နေ (ဦးဘစိုး-ဒေါ်ရွှေမုံ)တို့၏သမီး၊ (ဒေါ်နု)၊ (ဦးအေးမောင်)တို့၏ညီမ၊ ဒေါ်ရှု၏ အစ်မ၊ ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အိမ်အမှတ် ၅/၇နေ (ဦးအောင်ချစ်)၏ဇနီး၊ ဦးမြင့်အောင်-ဒေါ်ခင်ခင်လေးတို့၏ မိခင်၊ မောင်တိုးတိုးအောင်၊ မခင်ရတနာ၊ မခင်အင်ကြင်းကျော်တို့၏အဘွားသည် ၄-၇-၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၀၄ ရက် (အင်္ဂါနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဘိုနီ (မော်လမြိုင်)
အတွင်းရေးမှူးဟောင်း၊ ဝယ်ယူပြင်ဆင်ရေးကော်မတီ ရန်ကုန်တိုင်း မော်တော်ယာဉ်သ/မအသင်းစု
အသက်(၇၈)နှစ်

မော်လမြိုင်မြို့နေ (ဦးသူတော်-ဒေါ်ငွေရှိန်)တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးမောင်ရှင်-ဒေါ်စိန်သက်)တို့၏ သားသမက်၊ (ဦးထွန်းကြည်)၏ညီ၊ (ဦးညွန့်မောင်)-ဒေါ်အုန်းကြည်၊ ဦးကျော်နီ-ဒေါ်ချိုတီတို့၏ အစ်ကို၊ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ အိမ်အမှတ် ၇၁ နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးအောင်နိုင်(MPE)-ဒေါ်အေးအေးမြင့်၊ ဦးစိန်နိုင်၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်နိုင်(တိုင်းရင်းဆေးပညာဦးစီးဌာန)၊ (ဦးကြည်နိုင်)၊ ဒေါ်စိုးစိုးနီ၊ ဦးမျိုးခိုင်(MPRL)-ဒေါ်ပိုပိုနီ(တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပရဆေးဥယျာဉ်ဌာနခွဲ)၊ ဦးတိုးတိုးလှိုင်(MEGA)-ဒေါ်ထက်ထက်ဇော်တို့၏ဖခင်၊မအေးဇာနည်ငြိမ်း၊မသိမ့်ဇာခြည်ငြိမ်း(IX-B၊ အထက-၁၊ ကမာရွတ်)၊ မဝင့်ဒါလီငြိမ်း (X-B၊ အထက-၁၊ ကမာရွတ်)၊မောင်ဆက်သုနိုင်(အမက-၁၂၊ တာမွေ)၊ မောင်ပိုင်မျိုးဟိန်းတို့၏ အဘိုးသည် ၃-၇-၂၀၀၄ရက် မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်သောင်း (ခရမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်မင်းရဲကျော်စွာလမ်း၊အိမ်အမှတ် ၁၉၄ နေ (ဦးစိန်လှအောင်)၏ ဇနီး၊ ဦးကိုကြီး-(ဒေါ်ဝင်း)၊ ဦးထွန်းကြည်-(ဒေါ်သန်းကြည်)တို့၏ညီမ၊(ဦးသောင်း)-ဒေါ်တင်အေး၊ ဦးမောင်ရွှေ-ဒေါ်သန်းစိန်တို့၏အစ်မ၊ ကိုဌေးအောင်-မကြည်ကြည်လွင်၊ ကိုစိန်ဝင်း-မခင်နှင်းဆီ၊ မသဇင်အောင်၊ ကိုအောင်နိုင်စိန်၊ မခင်ဆန်းဝင်း၊ ကိုဇော်ဝင်းအောင်-မခင်စန်းလွင်တို့၏မိခင်၊မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂-၇-၂၀၀၄ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်
(ပခုက္ကူ/စစ်ကိုင်း)
အလက(၈)၊အင်းစိန်
အသက်(၅၀)

ရန်ကုန်မြို့၊ ၆(D)၊ နံ့သာကုန်းရိပ်သာလမ်း၊ အင်းစိန်မြို့နယ်နေ အငြိမ်းစား စက်ရှင် တရားသူကြီး (ဦးစိန်ဖေ)-ဒေါ်တင်တင်နွယ်တို့၏ သားကြီး၊ ဦးဝင်းမြင့်စိန်-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ညိမ်းညိမ်းဖေ၊ ဦးမျိုးသန့်ဖေ (လက်ထောက်၊ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ခင်ပြုံးပြုံး ဖေ(အထက-၂၊ ကမာရွတ်)တို့၏ အစ်ကိုကြီး၊ မောင်နေအောင်ဖေ၊မောင်ဥက္ကာဖေတို့၏ဦးကြီးသည် ၂-၇-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ အနုနာယက ဧရာဝတီတိုင်း သံဃနာယကအဖွဲ့(မဟာဒွါရ)
ဘဒ္ဒန္တပညာဒီပ
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ နတ်မော်အုပ်စု၊ ပြာကတတ်ကျေးရွာ၊ ဣန္ဒိတာရုံကျောင်းတိုက်၏ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တပညာဒီပ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက် (၂၈-၆-၂၀၀၄ရက်) တနင်္လာနေ့ နံနက် ၆:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် (၁၂-၇-၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနသာစုကြီးနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးအဖွဲ့ ဣန္ဒိတာရုံကျောင်း၊ပြာကတတ်ကျေးရွာ၊ဟင်္သာတမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝေပုလ္လ
မြို့နယ်ဩဝါဒါစရိယ၊ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၁)ဝါ

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆရာတော်ကြီးကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက် (၃-၇-၂၀၀၄ရက်) စနေနေ့ နံနက် ၈:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီး (၉-၇-၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျောင်းတိုက်သံဃာတော်များနှင့် တပည့်ဒါယကာ၊ဒါယိကာမ၊ဆွေမျိုးများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ ဗဟိုဝန်ဆောင်
ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြို့ကြီးလမ်း၊ လောကုတ္တရာရပ်၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ရွှေကျင်နိကာယ ဗဟိုဝန်ဆောင် ပဲခူးတိုင်းသံဃနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက် (၃၀-၆-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၆:၁၀ နာရီတွင် ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၆-၇-၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်အတွင်း၌ အန္တိမအဂ္ဂိဈာပနသာစုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ၊ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၊တောင်ငူမြို့။

ဦးစန်းအောင်ဦး
(အဖျောက်မြို့)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၂၀၊ပန်းလှိုင်လမ်း၊ ဆေး/ငြိမ်းရပ်ကွက်နေ (ဦးမောင်ဦး-ဒေါ်စိန်မြ)တို့၏သား၊ ဦးအောင်မြတ်သူ-ဒေါ်သင်းသင်းစိုး၊ ဦးအောင်ကျော်ထူး-ဒေါ်အေးအေးမြင့်၊ မမိုးဦး၊ ကိုခင်အောင်စိုး-မလေးလေးနွယ်၊ ကိုဇော်ဝင်းလှိုင်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်တင်အိ၏ခင်ပွန်းသည် ၃-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွား၍ ၅-၇-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှမွေး
အမက(၂၁)၊ဟင်္သာတ
အသက်(၄၁)နှစ်

ဟင်္သာတမြို့နယ်၊ ထုံးပွတ်ကုန်းရွာနေ ဦးလှမြင့်-ဒေါ်ငြိမ်းမြတ်တို့၏ သမီး၊ ဟင်္သာတမြို့၊ အမှတ်၃၉၀၊ ဈေးလမ်းနေ ဦးအေးကို-ဒေါ်ညွန့်ညွန့်တို့၏ သမီးချွေးမ၊ ဦးသိန်းထွဋ်ဦး(ဟိုတယ်/ခရီး၊ ဟင်္သာတ)၏ဇနီး၊ဒေါ်အေးမြင့်(မချွေးမ)၊ ဦးကျော်မြင့်-ဒေါ်မေရီသိန်း၊ ဦးကျော်တင့်-ဒေါ်တင်ရီ (ကြခင်း)၊ (ဦးကျော်ထွန်း-ဒေါ်မကြီး)၊ဦးကျော်အေး-ဒေါ်ဝင်းကြည်၊ ဦးကိုကိုကြီး-ဒေါ်သန်းတင်တို့၏တူမ၊ ဒေါ်တိုးတိုး၏ တူမသမီး၊ (ဒေါ်ခင်ပြုံးမြင့်)၊ ဦးလေးလွင် (HA နတ်မောက်)-ဒေါ်သန်းသန်းအေး (အထက၊ဒူးယား)တို့၏ ညီမ၊ ကိုဇော်လင်းအောင်(ခရိုင်စာရင်းရုံး၊ဟင်္သာတ)၊ မစံပယ်စိုး (မြန်မာ့ဂုဏ်လျှော်၊ဟင်္သာတ)၊ ကိုဇော်မင်းစိုး (B.E Mech:) တို့၏ အစ်မ၊ မသင်းခိုင်ဝေ (တတိယတန်း၊ အလက-၅၊ဟင်္သာတ)၊ မောင်ညီထက်ဇော်တို့၏ မိခင်သည် ၃-၇-၂၀၀၄ရက် နံနက်၁၁:၃၀နာရီတွင် ဦးနောက်နှင့်အာရုံကြော ဆေးရုံကြီး ရန်ကုန်မြို့၌ကွယ်လွန်သွားပါသဖြင့်၅-၇-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကားများ အမှတ် ၂၃၇ ၊သစ်ရာပင်လမ်း၊ သုဝဏ္ဏနေအိမ်မှ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန္ဒာရီ
(သာသနဓဇ ဓမ္မာစရိယ)
မြို့နယ်သီလရှင် အဖွဲ့ဥက္ကဋ္ဌ
သက်တော်(၆၉)နှစ်၊သိက္ခာတော်(၅၃)ဝါ

ပဲခူးတိုင်း၊ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာနေသီလရှင်ဆရာကြီး ဒေါ်စန္ဒာရီသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော်၂ရက် (၃-၇-၂၀၀၄)ရက် စနေနေ့ နံနက် ၁၁:၁၀နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားပါ၍ ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ ရက် (၅-၇-၂၀၀၄)ရက် တနင်္လာနေ့မွန်းလွဲ၁နာရီတွင်ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ဖြူးမြို့ အနောက်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူဆွေမျိုးသားချင်းတစ်စု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်လှစိန် (မောင်တောမြို့)
အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ အမှတ် (၄)ရပ်ကွက်နေ (ဦးခမ်းချေ)၏ ဇနီး၊ ဦးညီထွန်း -ဒေါ်ဦးမြသိန်း၊ (ဦးဦးထွန်းမောင်)-ဒေါ်သိန်းနုချေ၊ ဦးထွန်းအောင်သိန်း-ဒေါ်ခင်စောဦး၊ ဦးပညာဝံသ(မြို့မပရိယတ္တိစာသင်တိုက်၊ မောင်တော)တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘောင်ရှင်သည် ၄-၇-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄:၂၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၅-၇-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ မောင်တောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရင်(ခ)လှညွန့်ရင်
လုံဒါကုန်မျိုးစုံဆိုင် (ပြည်မြို့)
အသက်(၇၂)နှစ်

ပြည်မြို့၊ အမှတ် ၇၁၅၊ ရွှေဘုန်းပွင့်ဘုရားလမ်းနေ ဦးစောရီထိုက်၏ ဇနီး၊ ကိုမျိုးအောင် -မခင်စန်းပွင့်၊ ကိုတင့်လွင်၊ ကိုတင်အောင်၊ မမြင့်မြင့်သန်းတို့၏မိခင်၊ မောင်ကျော်မျိုးအောင်၊ မောင်ပြည့်ဖြိုးအောင်တို့၏အဘွားသည် ၃-၇-၂၀၀၄ ရက် (စနေနေ့) ည၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၇-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ သဒ္ဓေပင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မတ္တရာမြို့နယ်တွင် အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်များဖွင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး မွန်းလွဲ ၁ နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မတ္တရာမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ရှိ တံငါတောင်အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

လက်တွဲဝန်းရံ အမျိုးသား ညီလာခံ

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ဧရာဝတီတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ သံတွဲမြို့တွင် ၁ ဒသမ ၁၀လက်မဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❍

တူးဖော်

မကွေးတိုင်း ကံမမြို့နယ်တွင် မဒေးရေလှောင်တမံကို တည်ဆောက်လျက်ရှိရာ ပင်မတမံ၏ မြေသားများကို စက်ယန္တရားကြီးဖြင့် တူးဖော်နေစဉ်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

သံပေါင်တပ်ဆင်

မဒေးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်မှ ရေတံခါး သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

စိုက်ပျိုးရေပေးဝေမည့်အပြင် ရေအားလျှပ်စစ်ပါထုတ်လုပ်မည့် ကံမမြို့နယ်တွင်တည်ဆောက်လျက်ရှိသော မဒေးရေလှောင်တမံ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် စပါးသီးနှံအပါအဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုရှေးရှု၍ အချိန်တိုအတွင်းပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ အချို့နေရာဒေသများတွင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့်လယ်ယာသီးနှံတိုးတက်စိုက်ပျိုးရေးသာမက ကျေးလက်ဒေသသောက်သုံးရေဖူလုံရေးနှင့်ဒေသသုံး ရေအားလျှပ်စစ်များထုတ်လုပ်နိုင်ရေးကိုပါ တွဲဖက်ဆောင်ရွက်လျက်ရှိပေသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စိတ်ကူးယဉ်ဆန်သော ကားအိမ်

ဩစတြီးယားနိုင်ငံ ဆဲလ်ဘာဂ်ပြည်နယ်ရှိ လန်ဝိဒ်မြို့လေးတွင် ဗိသုကာပညာရှင် မင်ဖဂျက်ဒ်ဗော့ရီတာက စိတ်ကူးယဉ်ဆန်သော မိသားစုလေးဦးနေနိုင်လောက်သည့် ကားပုံသဏ္ဌာန်အိမ်တစ်လုံးကို ဖန်တီးတည်ဆောက်ခဲ့သည်။ (အပေါ်ပုံ)

(ဓာတ်ပုံ-အင်တာနက်)

ရောမပင့်ကူလူသားကြီး

ပင့်ကူလူသားဆိုလျှင် ကမ္ဘာ့ကလေးလောကတွင် မသိသူရှားသလောက်ဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကြော်ငြာထားသော ပင့်ကူလူသား-၂ (စပိုက်ဒါ-၂)ရုပ်ရှင်ဇာတ်လမ်းအတွက်ရောမပင့်ကူလူသားအရုပ်ကြီးကို ကလေးငယ်များ တအံ့တဩ ကိုင်တွယ် ကြည့်ရှုနေကြပုံ ဖြစ်သည်။



(ဝဲပုံ)

(ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

MYANMAR FOOTBALL FEDERATION ESTABLISHED 1947

သတင်းဆောင်းပါး - ကိုဇွေး

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၂၁ ရက်မှစတင်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ကျင်းပလျက်ရှိရာ ဇူလိုင် ၃ ရက်တွင် အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို

စာမျက်နှာ ၁၃ ကော်လံ ၁ ■